# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၃၆)၊ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်၊ ၅-၁၁-၂၀၂၄၊ အင်္ဂါနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်မည်

နေပြည်တော် နိုဝင်ဘာ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ မကြာမီရက်ပိုင်းအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့တွင် နိုဝင်ဘာ ၆ ရက်မှ ၇ ရက် အထိ ကျင်းပပြုလုပ်မည့် အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး 8th Greater Mekong Subregion Economic Cooperation Program (GMS)Summit၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ ထိပ်သီးအစည်းအဝေး 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS)Summit နှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး 11th Cambodia-Lao PDR-Myanmar-Vietnam (CLMV) Summit တို့သို့ ပါဝင်တက်ရောက်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေးနှင့်ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ရှေးဘိုးဘွားစဉ်ဆက် နှစ်ပေါင်းများစွာကရှိခဲ့သော ရိုးရာအမွေအနှစ်ဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို အမျိုးသားယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၄

(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ သို့

**တိမ်အသင့်အတင့် ဖြစ်ထွန်းမည်**

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၄ ရက် ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်၊ အင်္ဂါနေ့။

## နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးလျက်ရှိ

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)ကို စတင်တည်ထောင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အထိ ဝိဇ္ဇာဘွဲ့ ၆၂၀ဦး၊ သိပ္ပံဘွဲ့ ၁၃၈၀ ဦးနှင့် အင်ဂျင်နီယာဒီပလိုမာ ၉၅၉ ဦး စုစုပေါင်း ၂၉၅၉ ဦးတို့ကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့သည်။ ထို့ပြင် သက်ဆိုင်ရာ ဝန်ကြီးဌာနများက အားပေးထောက်ပံ့လေ့ကျင့်သင်ကြားပေးမှု၊ ကျောင်းသား၊ ကျောင်းသူများ၏ စဉ်ဆက်မပြတ် ကြိုးစားအားထုတ်မှုများကြောင့် ယခုအခါတွင် မဟာဝိဇ္ဇာဘွဲ့ ၇၁ ဦး၊ မဟာသိပ္ပံဘွဲ့ ၁၄၆ ဦး၊ M.Res ၅၅ ဦး၊ ပါရဂူဘွဲ့ ၁၅ ဦး၊ B.E ဘွဲ့ ၃၀၁ ဦး၊ M.E ဘွဲ့ ၁၅ ဦး၊ B.Tech ၄၅၂ ဦး အသီးသီးအောင်မြင်မှုရရှိခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "ဒီဂရီကောလိပ်များမှ ကျောင်းဆင်း ကျောင်းသား၊ ကျောင်းသူများအား မိမိဒေသအုပ်ချုပ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် MSME လုပ်ငန်းများတွင် ဦးဆောင်ပါဝင်ဆောင်ရွက်စေရန်" ဟု လမ်းညွှန်မှာကြားချက်အရ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ရကျောင်းသား၊ ကျောင်းသူများကို ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနများတွင် လည်းကောင်း၊ A.G.T.I ဒီပလိုမာရကျောင်းသား၊ ကျောင်းသူများကို နယ်စပ်ရေးရာဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနများတွင် လည်းကောင်း အချိုးကျခွဲဝေတာဝန်ပေးခန့်အပ်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ (Keep Moving Forward to Achieve Our Goal)" ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံတော်ကို တည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို မမေ့မလျော့နှလုံးသွင်း၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်လမ်းပြနိုင်မည့် ခေါင်းဆောင်ကောင်းများ၊ နိုင်ငံတော်က အားကိုးအားထားပြုရသည့် သားကောင်း၊ သမီးမွန်များဖြစ်လာအောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းတွင် အဆိုပါ ဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)၊ ဝိဇ္ဇာဘွဲ့ သိပ္ပံဘွဲ့၊ A.G.T.I၊ ဒီပလိုမာသင်တန်းအမှတ်စဉ်(၂၀)သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

သို့ဖြစ်ရာ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်မောင်မယ်များကို အဆင့်မြင့်ပညာရပ်များ အခမဲ့သင်ကြားနိုင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း)တို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။





## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရုံးလုပ်ငန်းသင်တန်းအမှတ်စဉ်(၃/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး နိုဝင်ဘာ ၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရုံးလုပ်ငန်းသင်တန်းအမှတ်စဉ်(၃/၂၀၂၄)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်(၁) ဦးမြင့်ဦး၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်း၊ ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ ဌာနခွဲမှူးများ၊ ဌာနစုမှူးများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အတွင်းရေးမှူးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ရုံးလုပ်ငန်းသင်တန်းအမှတ်စဉ် (၃/၂၀၂၄)သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ(၃၀) ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ (၄-၁၁-၂၀၂၄)ရက်နေ့မှ (၂၉-၁၁-၂၀၂၄)ရက်နေ့အထိ ရက်သတ္တ လေးပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**

## ၁၀ ရက်ကြာ ပြုလုပ်မည့် နှစ်လယ်ကျောက်မျက်ရတနာပြပွဲသို့ စည်းကမ်းချက်များနှင့် အညီ တက်ရောက်ဝယ်ယူနိုင်

**နေပြည်တော် နိုဝင်ဘာ ၄**

နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်၊ မဏိရတနာ ကျောက်စိမ်းခန်းမတွင် နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ ၁၀ ရက်ကြာ ပြုလုပ်မည်ဖြစ်ပြီး သတ်မှတ်စည်းကမ်းများနှင့်အညီ ကျောက်မျက်လုပ်ငန်းရှင်များ တက်ရောက်ဝယ်ယူနိုင်ကြောင်း သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး ပြည်တွင်းမှထွက်ရှိသော ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို ရောင်းချသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူ ပြောသည်။

"နှစ်လယ်ပြပွဲမှာ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိခဲ့တဲ့နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်တွေ၊ လိုင်စင်ရယူပြီး ကျောက်မျက်ရတနာရောင်းဝယ်နေကြတဲ့ နိုင်ငံသားလုပ်ငန်းရှင်တွေအနေနဲ့ သတ်မှတ်စည်းကမ်းချက်တွေနဲ့ အညီ တက်ရောက်ဝယ်ယူနိုင်ပါတယ်" ဟု ၎င်းက ပြောသည်။



ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်၍ ဝယ်ယူခွင့်ကိစ္စတွေကို အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**

## အလုပ်သမား၏ အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း အကျိုးခံစားခွင့် ခွင့်ပြုငွေ ထုတ်ပေး

**ပြင်ဦးလွင် နိုဝင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ် လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော ဒီဇင်ဘာ စားသောက်ဆိုင်မှ အာမခံအလုပ်သမား အလုပ်တွင် ထိခိုက်မှုကြောင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အမြဲတမ်းမသန်စွမ်းမှု(ငွေလုံးငွေရင်း)အကျိုးခံစားခွင့် ခွင့်ပြုငွေထုတ်ပေးခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါ စားသောက်ဆိုင်တွင် ကျင်းပသည်။




အခမ်းအနားတွင် ပြင်ဦးလွင်မြို့နယ် လူမှုဖူလုံရေးအဖွဲ့ရုံးမှ ဦးစီးအရာရှိ ဒေါ်သူဇာကြည်က လူမှုဖူလုံရေးရုံးခွဲများတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့်ဌာနများမှ အာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးနေမှုများ၊ အလုပ်ဌာနများအနေဖြင့် လူမှုဖူလုံရေးနှင့် အကျုံးဝင်မှတ်ပုံတင်ထားသည့် အလုပ်သမားများကို အာမခံထားပေးခြင်းအားဖြင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် ခွင့်ပြုငွေများ ထုတ်ပေးနေမှုများနှင့် အလုပ်ရှင်၊ တာဝန်ခံ၊ မန်နေဂျာ၊ HR များအနေဖြင့် အလုပ်သမားများအား ထိန်ချန်ထားမှုမရှိဘဲ လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်မှတ်တမ်းတင်ရန် လိုအပ်မှုများစသည့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထိုသို့ ခွင့်ပြုထုတ်ပေးရာတွင် တိုင်းဒေသကြီးတာဝန်ခံအရာရှိ၏ ကြီးကြပ်မှုဖြင့် ပြင်ဦးလွင်မြို့နယ် လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိက မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် ဒီဇင်ဘာ စားသောက်ဆိုင်မှ လုပ်ငန်းခွင်ထိခိုက်ခဲ့သည့် အာမခံအလုပ်သမား ဦးစအောင်စိုးဝင်းအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အမြဲတမ်းမသန်စွမ်းမှု(ငွေလုံးငွေရင်း)အကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၅၁၁၅၆၀၀ ကို ကာယကံရှင်ထံ ခွင့်ပြုထုတ်ပေးခဲ့ကြောင်းနှင့် အလုပ်ဌာနမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၉)**

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ဗဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ဗဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

⭘ ရှေ့ဖုံးမှ

အစည်းအဝေးသို့ (၂၃)ကြိမ်မြောက် မြန်မာ့ တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ကော်မတီဝင်များ၊ ဆပ်ကော်မတီများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေးညှိနှိုင်း**

ဦးစွာ ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ညှိနှိုင်းအစည်းအဝေးသည် ၂၀၂၄ ခုနှစ် (၂၃)ကြိမ်မြောက် ကျင်းပမည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကို နိုင်ငံတော်အဆင့်အနေဖြင့် ၂၀၀၀ ပြည့်နှစ်က စတင်ကျင်းပခဲ့ရာ (၂၂)ကြိမ်မြောက်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ယခု (၂၃)ကြိမ်မြောက်ကိုလည်း အဆင်ပြေချောမွေ့အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့ဦးစီးကော်မတီအနေဖြင့် စီစဉ်ဆောင်ရွက်ရန် ရှိသည်များကို အသေးစိတ်ဆွေးနွေးညှိနှိုင်းကြရန် ဖြစ်ကြောင်း။

(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကိုတိုင်းရင်းဆေးပညာသင်ကြားရေးဆိုင်ရာ အရည်အသွေးအသိအမှတ်ပြုနိုင်စေရန်၊ တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းဆေးဝါးများ ခေတ်စနစ်နှင့်အညီ ထုတ်လုပ်နိုင်စေရန်၊ အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်စေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာ ရိုးရာယဉ်ကျေးမှု အမွေအနှစ်အား လေးစားတန်ဖိုးထားတတ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး အထက်ပါရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် အားလုံးဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ရှေးဘိုးဘွားစဉ်ဆက် နှစ်ပေါင်းများစွာက ရှိခဲ့သော ရိုးရာအမွေအနှစ်ဖြစ်သည့် မြန်မာ့ တိုင်းရင်းဆေးပညာရပ်ကို အမျိုးသား ယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ထိန်းသိမ်း စောင့်ရှောက်သွားနိုင်ရေးကို ယခုညီလာခံနှင့် နှီးနှောဖလှယ်ပွဲများမှ ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ညီလာခံတွင် အဆိုတင်သွင်းခြင်း၊ ထောက်ခံဆွေးနွေးခြင်းများ ဆောင်ရွက်မည်ဖြစ်သကဲ့သို့ နှီးနှောဖလှယ်ပွဲတွင် ဖတ်ကြားမည့် စာတမ်းများသည် ရှေးဘိုးစဉ်ဘောင်ဆက် တိုင်းရင်းသားများ၏ ရိုးရာဆေးဝါးများ၊ ကုထုံးများ လက်တွေ့ တိုင်းရင်းသားများအသုံးပြုနေသည့် ဆေးဝါးများနှင့် ကုထုံးများ အဓိက ပါဝင်ရန်လိုအပ်သည့်အပြင် နိုင်ငံတကာသုံး ရိုးရာတိုင်းရင်းဆေးဝါးများနှင့်လည်း နှိုင်းယှဉ်၍ အားသာချက်၊ အားနည်းချက်များကို ပြုစုကြရန်လိုကြောင်း၊ ထို့ပြင် အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် အထူးမှာကြားလိုကြောင်း။

ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ဆောင်ရွက်ချက်မှတ်တမ်းများကို ယခင်နှစ်များနည်းတူ စနစ်တကျပြုစုပြီး မျိုးဆက်သစ်နောင်လာနောက်သားများ အတွက် လက်ဆင့်ကမ်းအသုံးပြုနိုင်ရန် မှတ်တမ်းတင်ထားရှိရန် မှာကြားလိုကြောင်း၊ ထိုသို့ မှတ်တမ်းတင်ရာတွင် မှတ်တမ်းထားရှိ ထိန်းသိမ်းမှု၌ မှတ်တမ်းများ မပျက်မစီးဘဲ သားစဉ်မြေးဆက် အသုံးချနိုင်ရေး မူရင်းစာတမ်းများကို စနစ်တကျထိန်းသိမ်းရန် လိုအပ်သကဲ့သို့ (I.T) ခေတ်ဖြစ်၍လည်း မူရင်းစာတမ်းမှ အချက်အလက်များကို စုစည်း၍ Database တစ်ခု တည်ဆောက်ပြီး ဝန်ကြီးဌာန၏ Website များ၊ Sever များတွင် ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ ထို့ပြင် စာတမ်းပါဆေးဝါးများနှင့် ပတ်သက်၍ အများပြည်သူများ အလွယ်တကူ သောက်သုံးနိုင်ရေးကိုလည်း တီထွင်ကြံဆထုတ်လုပ်ရမည် ဖြစ်သကဲ့သို့ ထုတ်လုပ်ပြီး တိုင်းရင်းဆေးဝါးများကိုလည်း မူပိုင်ခွင့်အရ မှတ်ပုံတင်ထားရန် လိုအပ်မည်ဖြစ်ကြောင်း။

မြန်မာ့တိုင်းရင်းဆေး သမားတော်ကြီးများသည် မြန်မာနိုင်ငံအတွင်းရှိ တော၊ တောင်၊ ရေ၊ မြေတို့က ရရှိနိုင်သည့် သဘာဝအရင်းအမြစ်များဖြင့် တိုင်းရင်းဆေးဝါးများတွင် ထည့်သွင်း အသုံးပြုပြီး ခေတ်အဆက်ဆက်တွင် ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ပေးသကဲ့သို့ ကပ်ရောဂါဘေးနှင့် သဘာဝဘေး အန္တရာယ်များဖြစ်သည့် လေဘေး၊ ရေဘေးစသည့် အန္တရာယ်များ ကြုံတွေ့သည့်အခါတွင်လည်း ပြည်သူလူထုကို တစ်ဖက်တစ်လမ်းက မြန်မာ့တိုင်းရင်း ဆေးပညာဖြင့် အားသွန်ခွန်စိုက် စွမ်းစွမ်းတမံ စောင့်ရှောက်ပေးကြသည်ကို တွေ့ရကြောင်း။

**☆ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ အာဆီယံ၊ ဘင်း(မ်)စတက်၊ မဲခေါင် အစရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် တိုင်းရင်းဆေးပညာကဏ္ဍများတွင် အတူပူးပေါင်းဆောင်ရွက်နေခြင်းဖြင့် မြန်မာ့တိုင်းရင်းဆေးပညာနှင့် ဆေးဝါးများ အရည်အသွေးပြည့်ဝစွာ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာသို့ ထိုးဖောက်နိုင်မည့် မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများ ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်သကဲ့သို့ ကုထုံးများ၊ တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းအစဉ်အလာကြီးမားသည့် ဆေးကျမ်းများနှင့် အာနိသင်ထက်မြက်သည့်ဆေးဝါးများစသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၏ အနှစ်သာရအဆီအနှစ်များကိုစုစည်းပြီး အမျိုးသားအမွေအနှစ်ဆေးပညာရပ်တစ်ရပ်အဖြစ် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဤညီလာခံကြီးမှ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးကြရမည်**

ထို့ပြင် နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှုအနေဖြင့် ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့၊ အာဆီယံ၊ ဘင်း(မ်) စတက်၊ မဲခေါင် အစရှိသည့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်တိုင်းရင်းဆေးပညာ ကဏ္ဍများတွင် အတူပူးပေါင်းဆောင်ရွက် နေခြင်းဖြင့် မြန်မာ့တိုင်းရင်းဆေးပညာနှင့် ဆေးဝါးများ အရည်အသွေးပြည့်ဝစွာ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာသို့ထိုးဖောက်နိုင်မည့် မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများ ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုအပ်သကဲ့သို့ ကုထုံးများ၊ တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းအစဉ်အလာကြီးမားသည့် ဆေးကျမ်းများနှင့် အာနိသင်ထက်မြက်သည့် ဆေးဝါးများစသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၏ အနှစ်သာရ အဆီအနှစ်များကို စုစည်းပြီး အမျိုးသားအမွေအနှစ် ဆေးပညာရပ်တစ်ရပ်အဖြစ် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဤညီလာခံကြီးမှ ဝိုင်းဝန်းညှိနှိုင်း ဆွေးနွေးကြရမည်ဖြစ်ကြောင်း။

အခြားနိုင်ငံများ၏ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများကို မြန်မာနိုင်ငံမှ တိုင်းရင်းဆေးပညာရှင်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူ လုပ်ငန်းရှင်များ သွားရောက်ပြီး တက်ရောက်ခဲ့ကြသကဲ့သို့ ယခုညီလာခံနှင့် နှီးနှောဖလှယ်ပွဲသို့လည်း အိမ်နီးချင်းနိုင်ငံများနှင့် အခြားနိုင်ငံများမှ ဘာသာရပ်ဆိုင်ရာပညာရှင်များ ဖိတ်ကြား၍ ပါဝင်ဆွေးနွေးစေလိုကြောင်း။

ထို့ကြောင့် (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကြီးကို နိုင်ငံတော်အဆင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးအနေဖြင့် မိမိတို့သက်ဆိုင်ရာ အခန်းကဏ္ဍများတွင် လစ်ဟာမှုမရှိအောင် အင်တိုက်အားတိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ကျင်းပရခြင်းနှင့် နှီးနှောဖလှယ်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက နှီးနှောဖလှယ်ပွဲကြီး အောင်မြင်ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီအလိုက် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ယခုနှစ်ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ကျင်းပပြုလုပ်သွားမည့် အသေးစိတ် အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးနှင့် တည်းခိုနေရာချထားရေး ဆပ်ကော်မတီနှင့် ဘဏ္ဍာရေး ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံနှင့် မြန်မာ့ တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်





ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ကွင်းအတွင်း ဆင်းသက်မည့်အစီအစဉ်အတွက် အလွတ်ခုန်လေထီးစစ်သည်များ ကြိုတင်လေ့ကျင့်စဉ်။

# ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီးမှာ လေထီးစစ်သည်တွေရဲ့ စွမ်းရည်တွေကိုလည်း ပြည်သူတွေအားလုံး ကြည့်ရှုအားပေးကြပါလို့ ပြောချင်ပါတယ်

ဒုတပ်ကြပ် အာကာဇော်

ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကျင်းပမည့် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အလွတ်ခုန်လေထီးစစ်သည်များက တိုင်းဒေသကြီး၊ ပြည်နယ်အလံများနှင့် အမျိုးသားအားကစားပွဲတော် အလံသယ်ဆောင်၍ ကွင်းအတွင်းဆင်းသက်မည့်အစီအစဉ်အတွက် ကြိုတင်လေ့ကျင့်လျက်ရှိရာ လေထီးသူရဲကောင်းများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည်။

**ဒုတိယဗိုလ်မှူးကြီး ဥက္ကာဆန်း**
**ကျောင်းအုပ်ကြီး၊**
**ပူးပေါင်းစစ်ဆင်ရေးနှင့်**
**လေထီးသင်တန်းကျောင်း**

ကျွန်တော်တို့ လေထီးစစ်သည်တွေ အားလုံး အထက်ကပေးအပ်လိုက်တဲ့ တာဝန်ကို အောင်အောင်မြင်မြင်ဖြစ်ဖို့ အတွက် အလုံးစုံတာဝန်ယူထားပါတယ်။ လေ့ကျင့်မှုအနေနဲ့က နေပြည်တော်ကို မရောက်ခင် မှော်ဘီမှာ (၄၅)ကြိမ် Y-12 လေယာဉ်နဲ့ လေ့ကျင့်ပြီး အခု ကျွန်တော်တို့ နေပြည်တော်မှာ လေ့ကျင့်တာ (၃၁) ကြိမ်ရှိပါပြီ။ အခုလို ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီးမှာ တပ်မတော်ရဲ့ စွမ်းရည်ကို ပြသရတဲ့အတွက် အလွန်ဂုဏ်ယူမိပါတယ်။

**ဗိုလ်မှူး အောင်ထွန်းမင်း**
**ပူးပေါင်းစစ်ဆင်ရေးနှင့်**
**လေထီးသင်တန်းကျောင်း**
**ဒုတိယကျောင်းအုပ်ကြီး**

ကျွန်တော်ကတော့ ဇေယျာသီရိ အားကစားကွင်း ကွင်းသစ်ဖွင့်ပွဲ၊ အာဆီယံ တပ်မတော်များ သေနတ်ပစ်ပြိုင်ပွဲ၊ နိုင်ငံတကာတပ်မတော်များ အားကစားပြိုင်ပွဲ ၂၀၂၁ နဲ့ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွေမှာ အလွတ်ခုန်လေထီးဆင်းပြီး ပါဝင်သရုပ်ပြခဲ့ပါတယ်။ အခုကတော့ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်မှာ ဝင်ရောက်ပြီးတော့ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ အောင်မြင်စွာ သရုပ်ပြဆင်းသက်နိုင်ဖို့အတွက် လေ့ကျင့်တဲ့အခါမှာ ရဟတ်ယာဉ်အဖွဲ့တွေ၊ မြေပြင်က ကွင်းတာဝန်ခံအဖွဲ့တွေ၊ လေထီးခုန်တဲ့ Jumper အဖွဲ့တွေ၊ လေထီး ထုပ်ပိုးတဲ့အဖွဲ့တွေ အများကြီး ပူးပေါင်းပြီးတော့၊ အကုန်လုံး စုစည်းပြီးတော့ ကိုယ့်အပိုင်းလိုက်အောင်မြင်အောင် လုပ်ဆောင်လျက်ရှိပါတယ်။

**ဗိုလ်ကြီး အောင်ကျော်ဟန်**
**(သက်စောင့်ဌာနမှူး)**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှာ ဝင်ရောက်ပြီးတော့ လေထီးခုန်ခွင့်ရရှိခဲ့ပါတယ်။ အခုလို လုပ်နိုင်တဲ့အရွယ်မှာ ပါဝင်ခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ရဟတ်ယာဉ်နှစ်စင်းနဲ့ အမြင့်ပေ ၆၀၀၀ ကနေ ရှစ်ယောက်တွဲခုန်မှာ ဖြစ်ပါတယ်။ အမြင့်ပေ ၆၀၀၀ ကနေ လေထီးအလွတ်ခုန်မယ်၊ သတ်မှတ်အမြင့်ပေ ၄၅၀၀ မှာ လေထီးဖွင့်ပြီးတော့ အပေါ်မှာ အနိမ့်အမြင့်စီပြီး ဆင်းသက်မှာဖြစ်ပါတယ်။ ဆင်းသက်တဲ့အခါမှာ ပွဲတော်အလံနဲ့၊ တိုင်းဒေသကြီးနဲ့ပြည်နယ်အလံကို သယ်ဆောင်ပြီးတော့ သရုပ်ပြဆင်းသက်သွားမှာဖြစ်ပါတယ်။

**ဒုတပ်ကြပ် အာကာဇော်**

ကျွန်တော်လေထီးခုန်တာ (၃၇၁) ကြိမ်ရှိပြီ။ အခြားသူတွေ အခုလိုပွဲတော်တွေမှာ ခုန်နေတာကို အားကျခဲ့ရပါတယ်။ အခုလက်ရှိ ကိုယ်ကိုယ်တိုင်ခုန်ရတော့ ဝမ်းသာပီတိဖြစ်ရပါတယ်။ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားမှာ လေထီးခုန်အဖွဲ့မှာလည်း ပါဝင်ခဲ့ပါတယ်။ အခုပဉ္စမအကြိမ်မြောက် အမျိုးသား အားကစားပွဲတော်ကြီးမှာ လေထီးစစ်သည်တွေရဲ့ စွမ်းရည်တွေကိုလည်း ပြည်သူတွေအားလုံး ကြည့်ရှုအားပေးကြပါလို့ ပြောချင်ပါတယ်။

**တပ်ကြပ် ကျော်မျိုးဝေ**

ကျွန်တော်က ၂၀၁၃ ခုနှစ် ဇေယျာသီရိ အားကစားကွင်းသစ်ဖွင့်ပွဲ၊ ၂၀၁၅ အာဆီယံ သေနတ်ပစ်ပြိုင်ပွဲနဲ့ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားမှာ အလွတ်ခုန်လေထီးအဖွဲ့မှာ ပါဝင်သရုပ်ပြခဲ့ပါတယ်။ အခုလို ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်မှာလည်း ပါဝင်ခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ လေထီးသင်တန်းကျောင်းမှာ သင်တန်းနည်းပြတွေနဲ့ အဆင့်ဆင့် လေ့ကျင့်ပြီး အခုကတော့ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းမှာ လာရောက်လေ့ကျင့်နေတာ ဖြစ်ပါတယ်။



ဒုတိယဗိုလ်မှူးကြီး ဥက္ကာဆန်း



ဗိုလ်မှူး အောင်ထွန်းမင်း



ဗိုလ်ကြီး အောင်ကျော်ဟန်



ဒုတပ်ကြပ် အာကာဇော်



တပ်ကြပ် ကျော်မျိုးဝေ

တွေ့ဆုံမေးမြန်း - အောင်ဂျိုင်း၊
ဓာတ်ပုံ-ကေအေတီ

## ကန်တော်ကြီးရှိ ဇီဝိတဒါနသံဃာ့ဆေးရုံသို့ ဆေးပဒေသာပင်လှူဒါန်း၊ တစ်နေ့တာဆွမ်း ဆက်ကပ်

**မန္တလေး နိုဝင်ဘာ ၄**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး သို့ စေတနာရှင်များက ဆွမ်းဆက်ကပ်ခြင်းနှင့် ဆေးပဒေသာပင် စိုက်ထူလှူဒါန်းလျက်ရှိရာ နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ ၃၆လမ်း၊ ၈၄ လမ်းနှင့် ၈၅လမ်းကြားနေ ဦးကျော်ဝင်း + ဒေါ်မြမေ မိသားစုက နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာ အထိမ်းအမှတ် ဆေးပဒေသာပင် ငွေကျပ်သိန်း(၂၀)ကိုလည်းကောင်း၊ တရုတ်နိုင်ငံ တိုင်ပေမြို့နေ ကိုသိန်းဝင်းနှင့် မောင်နှမတစ်စုကိုယ်စား မန္တလေးတက္ကသိုလ် သချာင်္ဌာန သူငယ်ချင်းများမှ ဂိလာနသံဃာနှင့် သီလရှင်အပါး ၇၀ကျော်တို့အား နဝကမ္မဝတ္ထုငွေ တစ်ပါးလျှင် ငွေကျပ် တစ်သောင်းစီနှင့် ကြက်ဆီထမင်း ဆွမ်းကပ်ခြင်း၊ မန္တလေး၊ ဝါးတန်းရပ်နေ အဂ္ဂမဟာ သီရိသုဓမ္မသီဂီ ဒေါ်ငွေငွေသိန်း မွေးနေ့အထိမ်းအမှတ် တစ်နေ့တာဆွမ်းအတွက် ငွေကျပ် ငါးသိန်းတို့ကို လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

ဇီဝိတဒါသံဃာ့ဆေးရုံကြီးတွင် ဂိလာနသံဃာတော်များ၊ သီလရှင်များအား အခမဲ့ကျန်းမာရေး ဆေးဝါးကုသပေးလျက်ရှိသည်။ ပြင်ပလူနာကုသပေးခြင်း၊ အသေးစားခွဲစိတ်ကုသခြင်း၊ ကျောက်ကပ်သန့်စင်ခြင်း၊ သွားရောဂါကုသခြင်း၊ အကြောအဆစ် ပြန်လည်သန်စွမ်းရေးကုသခြင်း၊ မျက်စိကုသခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ ရေအလှူတော်၊ လျှပ်စစ်မီးအလှူတော်၊ ကျောက်ကပ်သွေးသန့်စင်ဌာနအလှူများသို့ လှူဒါန်းလိုပါက ဖုန်း-၀၉၄၀၂၆၂၆၃၂၄၊ Kpay ၀၉-၆၉၄၉၃၄၂၉၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၄၅)

၀-၀-၀-၀-၀

# ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်နိုင်ခဲ့သည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှ ပထမဆုရရှိသူများ၏ ယှဉ်ပြိုင်ခဲ့မှုမှတ်တမ်း




ပတ္တလားအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အံ့ထူးကိုကို "ကျွန်းကျွန်းပိုင်သ" (ကြိုး) သီချင်းဖြင့် ဤသို့ တီးခတ်ယှဉ်ပြိုင်ခဲ့သည်။




ဒုံမင်းအတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဦးဟန်ထူးအောင် (ခ) စိန်ပက်စီ "မန်းတောင်လက်ယာ" (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



ဒုံမင်းအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်အိအိမွန် "သည်ဆောင်းဟေမန်" (ဘွဲ့) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ဂီတာအတီးပြိုင်ပွဲ ဝါသနာရှင် အဆင့်မြင့်ပညာအဆင့် (အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်ဘိုဘို (၁) "မြမန်းဂီရိ" (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်ဟန်။




ပတ္တလားအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ် အတွင်း) ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မချစ်ပြည့်နိုင် (ခ) ကောင်းကင်ဗိုလ် "မင်္ဂလာသီရိ" (ဘွဲ့) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ဂီတာအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မသူသူဝင်း "စံရာတောင်ကျွန်း"(ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ဂီတာအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆု ရရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်နိုင်ဇော်လင်း "လူမနော" (ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ဒုံမင်းအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မောင်ဟိန်းထက်ပိုင် "ရွှေမင်းဂံ" (ကာလပေါ်) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ဂီတာအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်ကောင်းချစ်ပိုင်စိုး "စံရာတောင်ကျွန်း" (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ဂီတာအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မနှင်းနှင်းအေး "ဝေဘာဂီရိ"(ကြိုး) သီချင်းဖြင့် ဤသို့ တီးခတ်ယှဉ်ပြိုင်ခဲ့သည်။




ပတ္တလားအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆု ပူးတွဲရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဦးအောင်မြင့်မြတ် "ရီရီဆိုင်းဆိုင်း" (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ဒုံမင်းအတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မခိုင်သန္တာစိုး"ဖန်ထွေလာ"(မွန်) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်ဟန်။




ဂီတာအတီးပြိုင်ပွဲ ဝါသနာရှင် အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မအေးငြိမ်းဇော် "လာချေပြီ" (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Choi Ji Woo က အိမ်ထောင်ဖက်ကို လျှို့ဝှက်ထားဆဲဖြစ်




အချစ်လှေကားထစ်ကလေး များနှင့် ပရိသတ်အားပေးမှု ရရှိ ထားသည့် မင်းသမီး ချွိုင်ဂျီဝူး သည် လက်ရှိအချိန်ထိ ခင်ပွန်း သည်ကို လျှို့ဝှက်ထားဆဲဖြစ်ပြီး သမီးလေးနှင့်သာ ပရိသတ်ရှေ့ ရောက်ရှိလာခဲ့သည်။

ချွိုင်ဂျီဝူးသည် သူ့ထက်ကိုး နှစ်ငယ်သည့် နာမည်ကြီး အိုင်တီ ကုမ္ပဏီဝန်ထမ်းနှင့် လက်ထပ်ခဲ့ ပြီး လေးနှစ်အရွယ် သမီးလေးကို ပိုင်ဆိုင်ထားသည်။

ချွိုင်ဂျီဝူးသည် မင်္ဂလာပွဲ ဓာတ်ပုံများတွင် အမျိုးသားမျက်နှာ ကို ဖုံးကွယ်ထားကာ ယခုထိ လျှို့ဝှက်ထားဆဲဖြစ်ပြီး အင်တာ ဗျူးတစ်ခုတွင်လည်း သမီးလေး အတွက်နှင့် မကြာခဏရန်ဖြစ် သည်ဟု ထုတ်ဖော်ပြောကြားထား သည်။

ပရိသတ်များက လင်မယား ရန်ဖြစ်နေသည့်ကိစ္စနှင့် အဆင်မပြေ မှုများကြောင့် အိမ်ထောင်ဖက်ကို ပရိသတ်ရှေ့ချမပြဘဲ လျှို့ဝှက် ထားခြင်းဖြစ်သည်ဟု မှတ်ချက် ပေးထားကြသည်။ **SKY**



## ညပိုင်းတွင် မီးအလင်းရောင်နှင့်ထိတွေ့လွန်းပါက သေဆုံးနိုင်ခြေ ၃၄ ရာခိုင်နှုန်းအထိ မြင့်တက်နိုင်

နေ့ပိုင်းတွင် နေမှအလင်းရောင်ရပြီး ညပိုင်းတွင် ထိုအလင်းရောင်မရတော့သဖြင့် လျှပ်စစ်မီးနှင့် အခြားမီးအမျိုးမျိုးကို ထွန်းညှိကြရသည်။

နေ့အလင်းရောင်ကုန်ဆုံးကာ ညရောက်လျှင် လူအပါအဝင် သတ္တဝါအားလုံး အိပ်စက်အနားယူကြသော်လည်း ယနေ့ခေတ်တွင် အထူးသဖြင့်လူတို့သည် ညပိုင်း၌ လျှပ်စစ်မီးအလင်းရောင်အောက်တွင် အလုပ်လုပ်ကိုင်ရှင်သန်လှုပ်ရှားနေကြသည်။ မီးရောင်အောက်တွင် အိပ်မှ အိပ်ပျော်သူများပင် ရှိကြပြန်သေးသည်။

ညပိုင်းတွင်မီးအလင်းရောင်အောက်၌ အိပ်စက်လေ့ရှိသူများအကြောင်း အမေရိကန်ပြည်ထောင်စု ဖလင်းဒါးစ်တက္ကသိုလ်မှ အိပ်စက်ခြင်း ကျွမ်းကျင်သူ ပါမောက္ခရှောင်ကိန်း ဦးဆောင်သော သုတေသီများ မကြာသေးမီက လေ့လာခဲ့ရာ ၄င်းတို့သည် မီးမှိတ်ပြီး အိပ်စက်သူများထက် သေဆုံးနိုင်ခြေ ၃၄ ရာခိုင်နှုန်းအထိ မြင့်တက် နိုင်ကြောင်း တွေ့ရှိခဲ့ကြသည်။

နေ့ခင်းဘက်တွင် အလင်းရောင်အလွန်နည်းသော အခန်းများထဲ၌ ရှင်သန်နေထိုင်ကြသူများသည်လည်း အလားတူ ကျန်းမာရေး ထိခိုက်မှုနှင့် ကြုံတွေ့ရမည်ဖြစ်ကြောင်း သိရသည်။ SCI

## Han So Hee ကို ထိပ်တန်းမင်းသား Park Seo Joon က ချီးကျူးထား



မကြာသေးမီက ထုတ်လွှင့် ပြသခဲ့ပြီးသည့် Gyeongseong Creature 2 ဇာတ်ကားတွင် အတွဲ ညီခဲ့သော Han So Hee ကို ထိပ် တန်းမင်းသား Park Seo Joon က ချီးကျူးစကားပြောကြားထား ကြောင်း ကိုရီးယားဘိုးဝက်ဘ် ဆိုက်တွင် ဖော်ပြသည်။

Han So Hee ကို မျိုးဆက် သစ် အနုပညာရှင်များတွင် ထိပ် တန်းရောက်မင်းသမီးတစ်လက် ဖြစ်ကြောင်း ဟန်ဆောင်မှုကင်းမဲ့ ၍ လတ်ဆတ်သန့်ရှင်းသည့် လေ ပြည်ညင်းကဲ့သို့ အရောင်ဆိုးမထား သော အရိုင်းတုံးဖြစ်၍ သဘော ကျမိကြောင်း Park Seo Joon က ချီးကျူးထားသည်။

ထို့ပြင် Han So Hee ၏ သရုပ်ဆောင်မှုမှာ အနုပညာ အပေါ် စိတ်အားထက်သန်၍ ထူးခြားသောပုံစံရှိပြီး အရှိကို အရှိအတိုင်း ပြောဆိုတတ်၍ သရုပ်ဆောင်ရာတွင် အချိတ် အဆက်မိကာ ရလဒ်ကောင်းရခဲ့ ခြင်းဖြစ်သည်ဟု ထပ်မံချီးကျူး စကားပြောကြားထားသည်။ **SKY**

## Han Ye Seul က ချစ်သူနှင့် နိုင်ငံတကာခရီးထွက်ခဲ့



ပရိသတ်ကြား မာနခဲမင်း သမီးအဖြစ် ကျော်ကြားသော ဟန်ရီဆယ်သည် သူ့ထက်ဆယ် နှစ်ငယ်ပြီး နာမည်ဆိုးထွက်ခဲ့ သည့်ချစ်သူနှင့် နိုင်ငံတကာ ခရီး ထွက်လည်ပတ်နေသည်ဟု ကိုရီး ယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြ သည်။

ဟန်ရီဆယ်သည် ဆယ်နှစ် ငယ်သည့် ချစ်သူ ရှုဆောင်ဂျေး နှင့် လေးနှစ်တွဲခဲ့ပြီး ၂၀၂၄ ခုနှစ် မေလတွင် လက်ထပ်မှတ်ပုံတင် ပြီးကြောင်း ကြေညာ၍ နိုင်ငံ တကာအနှံ့ ခရီးထွက်ခဲ့ကြသည်။

ဟန်ရီဆယ်၏ ခင်ပွန်းမှာ ယခင်က အမျိုးသမီးကြီးများ၏ စပွန်ဆာရယူခဲ့သော နာမည်ဆိုးရှိ ခဲ့သော်လည်း ခင်ပွန်းက အသက် ကြီးသူကြိုက်ပြီး အလုပ်အကိုင်ရှိ သူ၊ အောင်မြင်မှုရှိနေသူကို နှစ် သက်သောကြောင့်ဟု ဖြေကာ မိသားစုရှိရာ လော့အိန်ဂျလိစ်နှင့် ဆိုးလ်တွင် တစ်လှည့်စီနေထိုင် ကြပြီး နိုင်ငံအချို့ကိုပါ သွား ရောက်လည်ပတ်နေသည်။ **SKY**

## Mukti Bhawan/ Hotel Salvation (ခေါ်သံ)ရုပ်ရှင်ကား ပရိသတ်အားပေးမှု များပြား

လူ့ဘဝတွင် သေဆုံးရန် မွေး ဖွားလာခြင်းဖြစ်ပြီး မနက်ဖြန်ကို တွေးပူမနေဘဲ လက်ရှိအချိန်တွင် လုပ်ချင်သည့်အရာများ လုပ်၍ နေထိုင်သွားကြရန် ရိုက်ကူးထား သော Mukti Bhawan/Hotel Salvation (ခေါ်သံ) ရုပ်ရှင် ကားမှာ ပရိသတ်အားပေးမှုများ စွာ ရရှိထားသည်ဟု ဘောလီဝုဒ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် အိပ် မက်တစ်ခုကို ထပ်ကာထပ်ကာ မက်ခဲ့ရာ တစ်ရွာလုံး လူသူမရှိ သော်လည်း နာမည်ခေါ်သံကြားရ ၍ အသံဘယ်ကလာမှန်းမသိ ပတ်ရှာခဲ့သည့် အဘိုးအိုတစ်ဦး၏ နိမိတ်ပြပုံရိပ်နှင့်စတင်ထားသည်။

အဘိုးအိုက မသေမီ ဗာရာ ဏသီဟုခေါ်သည့် မြင့်မြတ်သည့် နေရာကို အလည်သွားလို၍ သားဖြစ်သူက အဖော်အဖြစ် လိုက်ပါပို့ဆောင်ပေးရာမှ လမ်း ခရီးတွေ့ကြုံရသည့် အရာများကို ပညာပေးရိုက်ကူးတင်ပြထား သဖြင့် ဇာတ်အေးသော်လည်း သေ ခြင်း၏ လက်တစ်ကမ်းအကြောင်း သိခွင့်ရ၍ ပရိသတ်အားပေးမှု မြင့်မားစွာ ရရှိထားသည်။ **SKY**




## Aidan Gillen ၏ Game of Thrones အောင်မြင်မှုရရှိ



နာမည်ကျော်ဇာတ်လမ်းတွဲ ဖန်တီးသူ စတီဗင်နိုက်က သရုပ် ဆောင် အီဒန်ဂီလန်ကြောင့် Game of Thrones အောင်မြင် မှုရရှိခဲ့သည်ဟု ထုတ်ဖော်ပြော ကြားထားကြောင်း ဟောလီဝုဒ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

စတီဗင်နိုက်က သားငယ် ဖြစ်သူကို လက်ဆောင်အဖြစ် Game of Thrones DVD အခွေတွဲ လက်ဆောင်ဝယ်ပေးစဉ် က Game of Thrones ကို ကလေးများအတွက် ဖန်တီးသည့် ဇာတ်လမ်းတွဲဟု ထင်ခဲ့ကြောင်း သရုပ်ဆောင် အီဒန်ဂီလန်ကို Peaky Blinders ဇာတ်လမ်း တွဲ ကမ်းလှမ်းရာမှ ယင်းဇာတ် လမ်းတွဲတွင် ပါဝင်ထားကြောင်း သိရ၍ အသက်အရွယ်ကန့်သတ် မှု လက်ရာမှန်းသိခဲ့ရသည်ဟု အင်္ဂလန်နိုင်ငံ လန်ဒန်တွင် ကျင်းပ သည့် Royal Television Society တွင် ဖွင့်ဟပြောကြား ထားသည်။

အီဒန်ဂီလန်သည် Game of Thrones တွင် ဉာဏ်များ ၍ လှည့်စားတတ်သည့် ဇာတ် ကောင်အဖြစ် ပါဝင်ခဲ့ရာမှ လူမုန်း များမှုနှင့် လူကြိုက်များမှု ဒွန်တွဲ နေကာ အောင်မြင်မှု ရရှိထား ခြင်းဖြစ်သည်။ **SKY**

## Joseph Gordon Levitt က အိန္ဒိယရုပ်ရှင်အကြောင်း လေ့လာချင်သည့် အကြောင်းအရင်းရှိ

ဟောလိဝုဒ်သရုပ်ဆောင် ဂျိုးဆက်ဂေါ်ဒန်လီဗစ်က အားလီး ယားဘတ်၏ Gangubai Kathiawadi ရုပ်ရှင်ကြောင့် အိန္ဒိယရုပ်ရှင်အကြောင်း လေ့လာ ချင်သည့် အကြောင်းအရင်းဖြစ် သည်ဟု ဟောလိဝုဒ်အတ်ဒိတ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အိန္ဒိယရုပ်ရှင်ပွဲတော် IFP တွင် ဂျိုးဆက်ဂေါ်ဒန်လီဗစ်က အိန္ဒိယရုပ်ရှင်များအကြောင်း ပိုမို လေ့လာချင်သည့် အကြောင်းအရင်း ကို ပြောကြားခဲ့သည်။

ဂျိုးဆက်ဂေါ်ဒန်လီဗစ်က အလွန်ထူးချွန်သည့် သရုပ်ဆောင် အားလီးယားဘတ်၏ ရုပ်ရှင်ကို ကြည့်ခဲ့ပြီးနောက် စစ်မှန်သည့် ဒရမ်မာကို တေးဂီတ၊ အက၊ ကကွက်များ၊ ကင်မရာရိုက်ချက် ကောင်းများနှင့် တည်းဖြတ်ထား ကာ ထူးခြားလှပနေသည့် Gangubai Kathiawadi ကို တွေ့ခဲ့ ၍ အိန္ဒိယရုပ်ရှင်များကို ပိုမို လေ့လာလိုစိတ်ပြင်းပြလာသည် ဟု ထုတ်ဖော်ပြောကြားသွား သည်။

**SKY**



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အမေရိကန်၊ ဂျပန်၊ တောင်ကိုရီးယား သုံးနိုင်ငံပူးတွဲကာ လေတပ်စစ်ရေးလေ့ကျင့်မှု ပြုလုပ်




**ဆိုးလ် နိုဝင်ဘာ ၄**

တောင်ကိုရီးယားလေကြောင်းပိုင်နက်အတွင်း အမေရိကန်၊ ဂျပန်၊ တောင်ကိုရီးယား သုံးနိုင်ငံပူးတွဲကာ နိုဝင်ဘာ ၃ ရက်က လေးကြိမ်မြောက် လေတပ်စစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံက တိုက်ကြီးများကို ဖြတ်ကျော်ပစ်ခတ်နိုင်မည်ဆိုသော တာဝေးပစ်ဒုံးလက်နက်ပစ်လွှတ်ပြီးနောက် ၃ ရက်ခန့်အကြာတွင် အဆိုပါသုံးနိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

မြောက်ကိုရီးယားဘက်က ပစ်ခတ်လာနိုင်သည့် နျူကလီးယားဒုံးလက်နက်နှင့် အခြားခြိမ်းခြောက်မှုများမှ ကာကွယ်ရန်အတွက် ထိုသို့ပူးတွဲလေတပ်စစ်ရေးလေ့ကျင့်မှု ပြုလုပ်ခြင်းဖြစ်သည်ဟု တောင်ကိုရီးယားစစ်ဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်သည်။

ယင်းပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်ဘက်က ယမ်းဘီလူးကီလိုဂရမ် ၃၄၀၀၀ တင်ဆောင်ကာ အသံထက်မြန်သော အရှိန်ဖြင့် မောင်းနှင်နိုင်သော ဘီဝမ်းဘီ လန်ဆာဗုံးကြဲလေယာဉ်၊ တောင်ကိုရီးယားဘက်က အက်ဖ် ၁၅ ကေနှင့် ကေအက်ဖ် ၁၆ တိုက်လေယာဉ်များ၊ ဂျပန်ဘက်က အက်ဖ်တူးဂျက်လေယာဉ်များ ပါဝင်ခဲ့ကြကြောင်း သိရသည်။

**Mon**

## ရုရှား-အင်ဒိုနီးရှား ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှု အရှေ့ဂျာဗားရေပိုင်နက်အတွင်း စတင်ပြုလုပ်နေ



**ဂျကာတာ နိုဝင်ဘာ ၄**

ရုရှား-အင်ဒိုနီးရှား ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုကို အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားရေပိုင်နက်အတွင်း နိုဝင်ဘာ ၃ ရက်မှ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အင်ဒိုနီးရှားရေတပ်အနေဖြင့် ရုရှားရေတပ်နှင့် ၂၀၂၂ ခုနှစ်က ပူးတွဲစစ်ရေးလေ့ကျင့်ခဲ့ဖူးသော်လည်း ယခုမှ နှစ်နိုင်ငံရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်ကြခြင်း ပထမဆုံးအကြိမ် ဖြစ်သည်။

အင်ဒိုနီးရှားသမ္မတ ကာကွယ်ရေးဝန်ကြီးတာဝန်ထမ်းဆောင်နေစဉ် လွန်ခဲ့သောဇူလိုင်လက ရုရှားနိုင်ငံ မော်စကိုမြို့တော်သို့ သွားရောက်ကာ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံခဲ့သည်။

၎င်းတို့နှစ်ဦး တွေ့ဆုံပြီးနောက် နှစ်နိုင်ငံရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်မည်ဟု နှစ်ဖက်စလုံးက ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းကြေညာချက်အရအကောင်အထည်ဖော်သော ရုရှား-အင်ဒိုနီးရှား ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုအစီအစဉ် ၅ ရက်ကြာမြင့်မည်ဖြစ်ပြီး ရုရှားစစ်သင်္ဘောသုံးစင်း၊ အလတ်စားဆီတင်သင်္ဘောတစ်စင်း၊ စစ်ရဟတ်ယာဉ်တင်တစ်စင်းနှင့် ဆွဲမော်တော်တစ်စင်း ပါဝင်ကြောင်းသိရသည်။

**Mon**

## ဗြိတိသျှစစ်မှုထမ်းဟောင်း ကယ်ဗင်ဒယ်ဗွန်ပို့ နာမည်ကျော်ပန်းချီဆရာအဖြစ် ရပ်တည်ရှင်သန်



**လန်ဒန် နိုဝင်ဘာ ၄**

ဗြိတိသျှစစ်မှုထမ်းဟောင်း ကယ်ဗင်ဒယ်ဗွန်ပို့ဆိုသူသည် ယခုအခါ လိဒ်စ်မြို့တွင် နာမည်ကျော်ပန်းချီဆရာအဖြစ် ရပ်တည်ရှင်သန်လျက်ရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အသက် ၂၁ နှစ်အရွယ်တွင် စစ်မှုထမ်းဘဝမှ ၄င်းအနားယူခဲ့ပြီးနောက် လမ်းဘေးရောက်ကာ မူးယစ်ဆေးစွဲရာမှ မူးယစ်ဆေးဝါးမှောင်ခိုအရောင်းအဝယ်လောကထဲသို့ ရောက်သွားခဲ့သည်။

မူးယစ်မှုဖြင့် ထောင်ဒဏ် ၁၃ နှစ်ကျခံခဲ့ရစဉ် ဘဝအမှားများကို ပြုပြင်ပြီး အကျဉ်းထောင်ထဲ၌ ပန်းချီပညာလေ့လာလိုက်စားခဲ့ရာမှ ထောင်မှလွတ်သောအခါ ဒယ်ဗွန်ပို့သည် ပန်းချီလောကထဲသို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

## လက်ဘနွန်တောင်ပိုင်း အစ္စရေးတိုက်ခိုက်မှု၌ ဟစ်ဇဘိုလာတပ်မှူးတစ်ဦး ကျဆုံးသည်ဟုဆို



**ဂျေရုဆလင် နိုဝင်ဘာ ၄**

လက်ဘနွန်နိုင်ငံတောင်ပိုင်းကို အစ္စရေးဘက်က လေကြောင်းတိုက်ခိုက်မှုပြုလုပ်ရာ ဟစ်ဇဘိုလာပြောက်ကျားအုပ်စု၏ တပ်မှူးတစ်ဦးကျဆုံးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဘရားချစ်ဒေသမှ ဟစ်ဇဘိုလာတပ်မှူး အဘူအလီရီဒါ ကျဆုံးခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးစစ်ဘက်ဆိုင်ရာသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၎င်းသည် အဆိုပါဒေသတစ်ဝန်း ဒုံးလက်နက်ပစ်လွှတ်ခြင်း၊ သံချပ်ကာကားများကို မိုင်းထောင်ဖောက်ခွဲခြင်း စသောအကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရာတွင် ကြီးကြပ်ခဲ့သူဖြစ်ကြောင်း အစ္စရေးဘက်ကစွပ်စွဲသည်။

လွန်ခဲ့သောရက်သတ္တပတ်အနည်းငယ်အတွင်း ဟစ်ဇဘိုလာခေါင်းဆောင် ဟတ်ဆန်နာဆရာလာအပါအဝင် ထိပ်တန်းခေါင်းဆောင်များ၊ တပ်မှူးများကို အစ္စရေးတို့က သုတ်သင်ချေမှုန်းခဲ့သည်။

ယင်းကဲ့သို့ အသာစီးယူပြီး တိုက်ခိုက်နေသည့်ကြားမှပင် ဟစ်ဇဘိုလာတို့ကလည်း အလျှော့မပေးဘဲ အစ္စရေးနိုင်ငံမြောက်ပိုင်းသို့ ဒုံးလက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်နေဆဲဖြစ်ကြောင်း သိရသည်။

**Mon**



## ရေဘေးသင့်ဒေသသို့သွားရောက်စဉ် စပိန်ဘုရင် ရန်ပြုရှုတ်ချခြင်းခံခဲ့ရ

**မက်ဒရစ် နိုဝင်ဘာ ၄**

နိုဝင်ဘာ ၃ ရက်က ဗလင်စီယာရေဘေးသင့်ဒေသသို့သွားရောက်စဉ် စပိန်ဘုရင် ဆဋ္ဌမမြောက်ဖေလီပေနှင့် မိဖုရား လေတီဇီယာတို့နှစ်ဦး ရန်ပြုရှုတ်ချခြင်းခံခဲ့ရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဒေသခံများက ရွှံ့များဖြင့် ၎င်းတို့ကိုပစ်ပေါက်ကာ နှုတ်မှ ဟစ်အော်၍လည်း ရှုတ်ချခဲ့ကြသည်။

အစိုးရက ရေဘေးကယ်ဆယ်ရေးလုပ်ဆောင်ရာတွင် နှောင့်နှေးကြန့်ကြာခဲ့သဖြင့် ဗလင်စီယာနယ်ခံများက မကျေမနပ်ဖြစ်ကာ ထိုသို့ရန်မူခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## ပါကစ္စတန်နိုင်ငံ လဟိုးမြို့ လေထုညစ်ညမ်းမှုကြောင့် မူလတန်းကျောင်းအားလုံးကို တစ်ပတ်ပိတ်ထားရ



**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၄**

ပါကစ္စတန်နိုင်ငံ လဟိုးမြို့တွင် ကြုံတွေ့နေရသည့် ဆိုးရွားသောလေထုညစ်ညမ်းမှုကြောင့် မူလတန်းကျောင်းများအားလုံးကို တစ်ပတ်ပိတ်ထားရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

နိုဝင်ဘာ ၂ ရက်က လဟိုးမြို့၏ လေထုအရည်အသွေးအညွှန်းကိန်း ၁၀၀၀ အထိရောက်ရှိခဲ့သဖြင့် ကလေးများကျန်းမာရေးမထိခိုက်စေရန် ကျောင်းများပိတ်လိုက်ရခြင်းဖြစ်သည်ဟု ပန်ဂျပ်ပြည်နယ်ဝန်ကြီးမာရီယမ်အော်ရန်ဇက်က ရှင်းလင်းပြောကြားသည်။

မြို့သူမြို့သားများအနေဖြင့် လိုအပ်မှအိမ်အပြင်သို့ထွက်ရန် မလိုအပ်ပါက အိမ်ထဲတွင်နေပြီး ညစ်ညမ်းသောလေထုကို ရှောင်ရှားရန် သက်ဆိုင်ရာအာဏာပိုင်များက ပန်ကြားထားသည်။

အိန္ဒိယနိုင်ငံနှင့်ဆွေးနွေးညှိနှိုင်း၍သာ ယင်းလေထုညစ်ညမ်းမှုပြဿနာကို ဖြေရှင်းနိုင်လိမ့်မည်ဟု ပါကစ္စတန်ပတ်ဝန်းကျင်ဆိုင်ရာအကြီးတန်းအရာရှိ ရာဂျာဂျေဟန်ဂါအန်ဝါက ပြောကြားကြောင်း သိရသည်။

**Mon**



အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် လက်ဘနွန်နိုင်ငံ ဂါဇီယဲမြို့တစ်နေရာရှိ အဆောက်အအုံများ ပျက်စီးသွားသည့်အခြေအနေကို နိုဝင်ဘာ ၃ ရက်က တွေ့ရစဉ်။ **Mon**

STOP AIDS



## ပုသိမ်ကြီးမြို့မစျေး၌ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများ ဆောင်ရွက်

**ပုသိမ်ကြီး နိုဝင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မီသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအနေဖြင့် မြို့မစျေးအတွင်းရှိ စျေးသူစျေးသားများ မီးသတိမူရေးနှင့် စျေးဆိုင်ခန်းများ စစ်ဆေးခြင်းကို ယနေ့နံနက် ၉ နာရီက အဆိုပါစျေး၌ ဆောင်ရွက်ကြသည်။

ကွင်းဆင်းဆောင်ရွက်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသန့် ဦးဆောင်၍ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးသန်းစိုး၊ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ လျှပ်စစ်ကျွမ်းကျင်-၃ ဦးမောင်မောင်သန်းနှင့်အဖွဲ့၊မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်ဝင်း၊ စုစုပေါင်းအင်အား ၂၅ ဦးတို့ ဖြင့် အဖွဲ့နှစ်ဖွဲ့ခွဲကာ မြို့မစျေးအတွင်း မီးဘေးလုံခြုံရေး စစ်ဆေးရေးနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

မြို့မစျေးကြီးအတွင်း မီးဘေးလုံခြုံရေးစစ်ဆေးရာတွင် မီးအသုံးပြုဆောင်ရွက်သည့် ဆိုင်များ မီးကြွင်းမီးကျန်မရှိစေရေး၊ လျှပ်စစ်မီးသွယ်တန်း အသုံးပြုမှု၊ စျေးရှိရေလှောင်ကန်များ၊ အစရှိသည်များကို စစ်ဆေးခဲ့ကြသည်။ ဆက်လက်၍ မြို့နယ်တွင်းရှိ စျေးရုံများကိုလည်း စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(၀၉၅)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီး

**နေပြည်တော် နိုဝင်ဘာ ၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ နိုဝင်ဘာ ၂ရက် မွန်းလွဲ ၃နာရီက တပ်ကုန်းမြို့နယ်၊ သဖန်းချောင်ကျေးရွာအနီးတွင် အောင်ဇော်မင်း(ခ)အောင်မင်းဆိုသူမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အောင်ဇော်မင်း(ခ)အောင်မင်း(၃၁)နှစ်ဆိုသူအား တပ်ကုန်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့် အတူ နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီခွဲက တာချီလိတ်မြို့နယ်၊ ပှေရှန်းကျေးရွာအနီးတွင် မြလှဆိုသူမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀,၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မြလှ(၃၂)နှစ်အား ဝမ်ပုံနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရအမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## စိတ်ကြွဆေးများ ဖမ်းဆီးရမိမှုဖြစ်ပွား

**သာစည် နိုဝင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ စိုက်ပျိုးရေးကျေးရွာတွင် ငွေကျပ်သိန်း ၁၃၅၀ ခန့်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀၊ အလေးချိန် ၈ ဒသမ ၁ ကီလိုဂရမ် ရောင်းချ သုံးစွဲသူ သုံးဦးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၃၁ရက် ည ၁၀ နာရီက သာစည်မြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူး မိုးကျော်အောင်နှင့် သာစည်မြို့မရဲစခန်းမှ ဒုတိယရဲမှူး ခင်မောင်ဝင်းဦးစီး၍ ဒုတိယရဲအုပ် ကျော်မင်းသန်းနှင့် တပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် စိုက်ပျိုးရေးကျေးရွာ၊အ·မ·က(မူလွန်)ကျောင်းအနီးလမ်းမပေါ်တွင် ရပ်ထားသည့် မော်တော်ယာဉ်အား မသင်္ကာ၍ အသိသက်သေများဖြင့် စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာမှ AU-MARK မော်တော်ယာဉ်ပေါ်တွင် ယာဉ်မောင်း စည်သူထိုက်၊ ယာဉ်နောက်လိုက် သီဟအောင်နှင့်အတူ မျိုးမင်းဦးဆိုသူတို့အား တွေ့ရပြီး ယာဉ်ရှေ့ခန်းထိုင်ခုံအောက်အတွင်း ဆာလာအိတ်ဖြင့် ပတ်ထုပ်ထားသည့် အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်များဖြင့် ထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ပြားစီပါ ၁၀ထုပ်စည်း ငါးစည်းပါ ကိုးထုပ်၊ စုစုပေါင်း ဆေးပြား ၉၀၀၀၀၊ အလေးချိန် ၈ ဒသမ ၁ ကီလိုဂရမ်ခန့်နှင့် မြန်မာငွေစက္ကူရောရော ၃၃၅၀၀၀ ကျပ်အား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများအား သုံးစွဲဖြန့်ဖြူးရောင်းချရန် မော်တော်ယာဉ်ဖြင့် သယ်ဆောင်လာကြသူ ယာဉ်မောင်း စည်သူထိုက်(၃၅)နှစ်၊ယာဉ်နောက်လိုက် သီဟအောင်(၃၈)နှစ်၊မျိုးမင်းဦး (၄၂)နှစ်ဆိုသူတို့အား သာစည်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားပြီး အမှုကွင်းဆက်များ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ (၀၅၇)

## ကျိုက်ထိုမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၁၂ နာရီခွဲက ကျိုက်ထိုမြို့နယ်၊ မရမ်းချောင်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ပဲခူးမြို့ဘက်မှ မော်လမြိုင်မြို့ဘက်သို့ အေးမင်းပိုင်ဆိုသူမောင်းနှင်လာသည့် TOYOTA PASSO အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သို၀ှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀,၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အေးမင်းပိုင်(၃၃)နှစ်ဆိုသူအား ကျိုက်ထိုမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀

## ကော့သောင်းမြို့နယ်နှင့် ထားဝယ်မြို့နယ်တို့၌ ကျေးရွာနေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၄**

တနင်္သာရီတိုင်း ဒေသကြီး ကော့သောင်းမြို့နယ် မလိဝမ်းကျေးရွာအနီးတွင် နိုဝင်ဘာ ၁ ရက်က အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး မလိဝမ်းကျေးရွာမှ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ကော့သောင်းမြို့နယ် မလိဝမ်းကျေးရွာအနီး နယ်မြေ လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆိုပါကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး နေအိမ်များ မီးလောင်ပျက်စီးခဲ့ရခြင်းဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အလားတူ ထားဝယ်မြို့နယ် မောင်မယ်ရှောင် ကျေးရွာအတွင်းရှိ တန်ဖိုးကြီးပစ္စည်းများကို လုံခြုံရေး တပ်ဖွဲ့ဝင်များက ယူဆောင်ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက် မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားလျက်ရှိရာ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိဘဲ နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက်လုပ်ကြံရေးသားပြီး




လှုံ့ဆော်ဝါဒ ဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နန်းတော်ရှေ့နယ်လုံးဆိုင်ရာ ကထိန်တော်ကြီး

၁၃၁၀ ပြည့်နှစ် ပထမဆုံးအကြိမ် ကထိန်တော်ကြီးရဲ့ ဥတ်မကြီး ကားအလယ်မှ ကြယ်ဖြူကြီးတစ်လုံးဘေးမှ အရံကြယ်များ ပုံဖော်ပြီး လှူဖွယ်ဝတ္ထုငွေပစ္စည်းများနဲ့ တန်ဆာဆင်ကာ ဥတ်မကြီးအဖြစ် ဆင်ယင်ထားပုံမှာလည်း ကျက်သရေရှိလှသော မြင်ကွင်းတစ်ရပ် ဖြစ်ရပါတယ်။

စစ်ပြီးကာလမှ စတင်ပြီး ကထိန်တော်လေးကို သန္ဓေတည်ဖွား သန့်စင်ခဲ့ပါတယ်။ ထိုခေတ်ထိုအခါက နန်းတော်ရှေ့ နယ်မြေလေးဟာ လူနေကခပ်ကျဲကျဲ ဈေးဆိုလို့ လမ်းဘေးမှာဖြစ်သလို ယိုင်တိယိုင်တိုင် အမိုးအကာများနဲ့ ရောင်းဝယ်နေကြတာပါ။ ဈေးရောင်းသူတို့ဟာလည်း ဆွေမျိုးတမျှ တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးကြတာမို့ တစ်နေ့မှာ ဈေးထဲမှ အမျိုးသမီးတစ်စုက ကထိန်လေးတစ်ခု လုပ်လိုတဲ့ဆန္ဒတွေ ဖွင့်ဟတိုင်ပင်ကြပါတယ်။ ကထိန်လေးလုပ်ဖို့ တိုင်ပင်နေကြတဲ့ အမျိုးသမီးလေးတွေဟာ အပျိုကြီးတွေ ဖြစ်နေကြတာမို့ "အပျိုကြီးကထိန်" ဆိုတဲ့ နာမည်နဲ့ စိတ်ကူးယဉ်ယဉ် ပေးကြည့်ကြပါတယ်။

ဒီသတင်းလေးဟာ ဈေးလောကနေ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားပါတော့တယ်။ အမျိုးသားများဘက်ကလည်း အမျိုးသားများ ဦးဆောင်ဦးရွက်ပြုလုပ်ရင် သင့်တော်မည်ဆိုပြီး အပျိုကြီးများနဲ့ နားလည်မှုယူကာ ပူးပေါင်း၍ "လူပျိုကြီး၊ အပျိုကြီး" ကထိန်ရယ်လို့ အမည်တပ်ကာ ကထိန်တော်လေးကို စတင်အကောင်ထည်ဖော်ပါတော့တယ်။ သူတို့ခေတ်အခါက ကော်မတီဆိုလို့မရှိ အများစုပေါင်းပြီး ဈေးလာသူ ရပ်မိ၊ရပ်ဖများကလည်း အများစုပေါင်းပြီး တတ်နိုင်သရွေ့လှူကြ ဈေးသူ၊ဈေးသားများကလည်း ချွေးနဲ့စာလေးတွေထဲကနေ လှူကြနဲ့ ကထိန်တော်လေး စတင်ခဲ့တာပါ။

အဲဒီခေတ်အခါက လျှပ်စစ်မီးမရှိလေတော့ အောက်လင်းဓာတ်မီးကြီးများနှင့် အလင်းရောင်ယူထားပုံမှာလည်း သဘာဝကျလှပါတယ်။ လျှပ်စစ်မီးစက်ကြီးများ ပေါ်လာတဲ့အချိန်ကစလို့ ဇာတ်ပွဲ၊ ရုပ်ရှင်၊ ရိုးရာခြင်းပွဲ၊ ညဈေးဆိုင်တွေနဲ့ လတန်ဆောင်တိုင်မှာ စည်ကားစွာ ကျင်းပနိုင်ခဲ့ပါတယ်။ ပဒေသာပင်ပို့ဆောင်ရာမှာလည်း ကာလသား၊ သမီးလေးများက အတီးအမှုတ်၊ အကအခုန်များနဲ့ ကထိန်တော်လေးကို ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲခဲ့ကြပါတယ်။

**(ဆရာတင်ထွေး (နန်းတော်ရှေ့)ရဲ့ နန်းတော်ရှေ့က ဘုံကထိန်တော်လေးရဲ့ ပုံရိပ်ဆောင်းပါးမှ ကူးယူဖော်ပြပါသည်။)**


နှောင်းပိုင်းခေတ်တွေမှာတော့ ကျွန်တော်တို့ကလည်း ငယ်သေးတယ်။ နန်းတော်ရှေ့ ၁၉လမ်းဈေးအရှေ့ဘက်မှာ အားကစားကွင်း ရှိတယ်။ ပန်းအလှပင်တွေကလည်း ရောင်စုံဖူးပွင့်ကြနဲ့ပေါ့ အားကစားကွင်းက ဘယ်လောက်ထိ ကျယ်သလဲဆိုရင် ယခု ၆၂ဘီနဲ့ ၆၃လမ်းထိ ကျယ်တယ်။ ၁၉လမ်းရဲ့ တောင်ဘက်မှာ ချိန်းအိပီရဲ့ လက်ဖက်ရည်ဆိုင် ရှိတယ်။ အနောက်ဘက်မှာ ဦးတင်မောင် ခေါက်ဆွဲဆိုင်၊ နောက်ပြီး ဦးကြင်+ဒေါ်ရင်ရဲ့ ခေါက်ဆွဲဆိုင် ရှိတယ်။

မြောက်ဘက် ၁၈လမ်းထိပ်မှာ ဦးအေးကြည်ရဲ့ ကွမ်းယာဆိုင် ကပ်လျက်မှာတော့ ဒေါ်ဝက်ရဲ့ ရွှေရင်အေးဆိုင် တစ်ခါကပ်လျက်က ဦးကံမြင့် စက်ဘီးပြင်ဆိုင် လေတံခွန်နဲ့ မုန့်စာကြိုးလည်းရောင်းတယ်။ အားကစားကွင်း အကြောင်းပြန်ဆက်ရရင်တော့ "နန်းတော်ရှေ့" နယ်လုံးဆိုင်ရာ ကထိန်ကငှားတဲ့ ဇာတ်ပွဲတွေဟာ အားကစားကွင်းထဲမှာပဲ နှစ်စဉ်နှစ်တိုင်း ကျင်းပခဲ့တာဟာ ယခုဆိုလျှင် နှစ်ပေါင်း (၇၀)ကျော်လို့ နှစ်(၈၀)အတွင်းကို ရောက်ရှိလို့ လာပါပြီ။ နန်းတော်ရှေ့ နယ်လုံးဆိုင်ရာကို လှူဖို့ ပဒေသာပင်တွေကို (၁၀)ရက်အလိုလောက် ကတည်းက ကြိုတင်ပြီး ကိုယ့်ရပ်ကွက်မှာ လိုသလောက် နန်းတော်ရှေ့ စာကြည့်အသင်းမှာ သွားယူရပါတယ်။ အသင်းတာဝန်ခံမှ စာရင်းမှတ်ယူထားပါတယ်။ အဲသလို ကြိုမငှားထားခဲ့ရင် လိုသလောက် မရမှာစိုးလို့ပါ။ ဇာတ်ပွဲဆောက်ဖို့ ကားကြီးနဲ့ လာချပြီဆိုရင် အနီးအနားမှာ ဆော့နေကြတဲ့ ကျွန်တော်တို့တစ်တွေက ပျော်ပြီး ဝိုင်းအော်ကြတာပေါ့။ နောက်ပြီး ရပ်ကွက်ပေါင်းစုံနဲ့ အကွက် (၇)တောင်ဒွါလောင်းက ကလေးတွေ ဖြောင်းဆန်အောင် ဝါးပုံပေါ်မှာ တက်ဆော့ရတာကိုက ပျော်စရာကြီးပါ။

ဇာတ်ခုံဆောက်ပြီးပြီဆိုရင်လည်း တက်ဆော့ကြတာပါပဲ။ နောက်ပြီး သွပ်နဲ့လုပ်ထားတဲ့ ပြောင်းအရှည်၊ အတိုလေးကို ပါးစပ်ထဲပစ်မ်းလုံးလေးတွေငုံပြီး မှုတ်ကာ ကစားရတာကလည်း တစ်သက်မမေ့စရာ ပြောင်းလေးရဲ့ထိပ်အပေါ်မှာ ကျားရုပ်၊ ဆင်ရုပ်လို အရုပ်ကလေးတွေကို သွပ်ပြားနဲ့လုပ်ထားပြီး အရောင်ခြယ်ထားပါသေးတယ်။ ကစားနည်း နောက်တစ်မျိုးက ပိုလိုကားလို့ခေါ်တဲ့ စီးကရက်ဘူးခွံအမာတွေကို ကတ်ကြေးနဲ့ကိုက်ပြီး နိုင်တဲ့သူက ယူတမ်းကစားကြတာတွေ အို စုံလို့ပါပဲ။ အဲဒီတုန်းက ပိုလိုကားတွေက ဒူးယား၊ ခပေါင်း၊ လုပ်သား၊ အုန်းတောဆိုတဲ့ စီးကရက်ဘူးတွေပါ။ သိမီလိုက်တဲ့ သူတွေလည်း ရှိမှာပါ။ နန်းတော်ရှေ့နယ်လုံးဆိုင်ရာ ကထိန်ဟာ ၆၂လမ်းမှ ၆၄လမ်းထိ ဝဲ၊ယာအပြည့် ကြည်ညိုလို့ရပါတယ်။ ကထိန်မှာ ဧည့်ခံတဲ့ ဇာတ်ပွဲကလည်း အဲဒီအချိန်က ထိတ်ထိတ်ကြဲ ဗလာပွဲတွေပါ။ စိန်လှမြိုင်သား ပန်တျာမြင့်လွင်၊ ပန်တျာကျော်ဝင်း+မြဝင်းဇာတ်၊ ငါးမည်ရတင်သိန်း၊ ညီစိန်လွင်ရဲ့ဇာတ် ရန်ကုန်ဇော်ဝင်း၊ ပြဇာတ် မင်းသားဝင်းမင်းသန့်ဇာတ်၊ ပန်တျာမြကြည်ဇာတ်၊ မြို့တော်မောင်မောင်သိန်းဇာတ် ဒီလိုဇာတ်ကြီးတွေကို တစ်နှစ်တစ်မျိုး မရိုးရအောင် ပွဲထည့်နိုင်တာ နန်းတော်ရှေ့နယ်လုံးဆိုင်ရာ ကထိန်ပဲရှိတယ်လို့ ကျွန်တော်ထင်တယ်။

ဒါပဲလားဆိုတော့ မဟုတ်သေးဘူး။ ပျော်ပွဲရွှင်ပွဲတွေကလည်း ပါသေး။ မန်းသားလေးရဲ့ ချောတိုင်တက်ပွဲ၊ ချားရဟတ်နဲ့ နို့ဆီဘူးအခွံကို စားပွဲပေါ်တင်ပြီး သက္ကလပ်ဘောလုံးနဲ့ပစ်ပြီး အကုန်ကျရင် နို့ဆီဘူး တစ်ဘူး၊ ဆပ်ပြာ နှစ်ချောင်းနဲ့ အခြားဆုတွေလည်းပေးတဲ့ ကစားပွဲလည်း ပါသေးသဗျာ။ သရေစာအနေနဲ့ ဒေါ်ထူးရဲ့ ဝက်ဆီဖတ်မုန့်ပျား သလက်၊ ရွှေနှင်းဆီခဲလန်ချောင်း၊ မုန့်ဆီကြော်၊ မုန့်ပေါင်း၊ မုန့်သိုင်းခြုံ၊ မုန့်လင်မယားဆိုတဲ့ ဆိုင်တွေကလည်း ရှိသေး။ နန်းတော်ရှေ့က ဦးညွန့် ခဲလန်ချောင်းနဲ့ ရွာသာရပ်က ဒေါ်အုန်း နို့ဟင်းမလိုင်ကလည်း အလွန်ကောင်း ဒါတွေကတော့ နန်းတော်ရှေ့နယ်လုံးဆိုင်ရာ ကထိန်မှာ ပင်တိုင်ရောင်းတဲ့ ဈေးသည်တွေပါ။ ကျန်တဲ့ဈေးသည်တွေကလည်း အများကြီးရှိသေးတယ်။ ကလေးတွေ အကြိုက်ကတော့ အများကြီးပဲပေါ့။ မိုးပျံပူဖောင်း၊ ရွှေဂေါင်းပြောင်လျှာထုတ်တဲ့ အရုပ်ဆိုင်တွေကလည်း အများကြီးပဲ။

နေ့လယ် ၂ နာရီလောက်ဆိုရင် သရက်ကုန်း ငါးလုပ်ငန်းက ပဒေသာပင်တွေကို တန်းစီပြီး ရှေ့ကလမ်းရှင်းပေးသူနဲ့ အတီးအမှုတ်၊ အကအခုန် ဦးရွှေရိုးအကနဲ့အတူ သင်္ကန်း၊ ပရိက္ခရာ၊ ထီး၊ မျက်နှာသုတ်ပဝါမျိုးစုံတို့ကို ပဒေသာပင်သီးပြီး ရပ်ကွက်အမည်၊ အလှူရှင်ရဲ့အမည်ကို A4 စာရွက်ပေါ်မှာ စာလုံးကြီးကြီးနဲ့ရေးပြီး ကော်နဲ့ကပ် ကထိန်တည်ရှိရာ ၆၃လမ်း၊ နန်းတော်ရှေ့နယ်လုံးဆိုင်ရာ စာကြည့်အသင်းကို ကုသိုလ်ယူပို့ဆောင်ကြရပါတယ်။ (၄၈-၄၉)ရပ်ကွက်၊ (၄၅)ရပ်ကွက်မှလည်း ကိုယ့်အရပ်တီးဝိုင်းနဲ့ ပဒေသာပင်တွေကို ပို့ဆောင်ကြပါတယ်။ တန်ဆောင်မုန်းလဆန်း ၇ ရက်မှာ အခင်းအကျင်းနဲ့ ၈ ရက်ကတော့ ကထိန်အောင်ပွဲ ဖြစ်ပါတယ်။ ၁၉လမ်းပေါ်မှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ဆုံတဲ့အခါ အရင်ရောက်တဲ့အဖွဲ့ကို ဦးစားပေးတာဟာ နန်းတော်ရှေ့ရဲ့ ယဉ်ကျေးမှုပါ။ အကွက်(၁၃) အုတ်စက်ရပ်ကတော့ "အဘိုးကြီး" ယိမ်းပါ၊ ခေါင်းဖြူ၊ မုတ်ဆိတ်မွေးဖြူ၊ နှုတ်ခမ်းမွေးဖြူကို ပြောင်းဖူးမွေးရယ်၊ ဂွမ်းအဖြူရယ်ကို ကော်နဲ့ကပ်ပြီး ပုဆိုးကလည်း ဖျင်ပုဆိုးအကွက်ကျဲ၊ တိုက်ပုံအင်္ကျီနဲ့ လည်ပင်းမှာတော့ ဆီးဖြူသီးတွေကို စိပ်ပုတီးသဖွယ် လည်မှာဆွဲပြီး လက်မှာလည်း ဆီးဖြူသီးတွေကို စိပ်ပုတီးသဖွယ် လက်မှာကိုင်ထားပြီး တောင်ဝှေးထောက်ကာ စည်းချက်ညီညီ ဖင်ရမ်းပြီး ကတာကိုက လာကြည့်ကြတဲ့ ပရိသတ်တွေက သဘောအကျဆုံးပဲ။


နန်းတော်ရှေ့က ဘုံကထိန်တော်လေးရဲ့ ပုံရိပ်

နန်းတော်ရှေ့မှာရှိတဲ့ ကျန်ရပ်ကွက်များကလည်း ကိုယ့်အစီအစဉ်နဲ့ကိုယ် ပဒေသာပင်တွေ လာပို့ကြတာဟာ ၁၉လမ်းမကြီးပေါ်မှာ တိုးမပေါက်လောက်အောင်ပါဘဲ။ အနေ့ယာဉ်တွေက မြင်းယာဉ်အသင်း၊ ဆိုက်ကားအသင်းတွေက တစ်နှစ်လုံးအလှူခံရသမျှငွေကို နယ်လုံးဆိုင်ရာ ကထိန်ကိုပုံအောပြီး လှူကြတာဟာ သာဓုသုံးကြိမ်ခေါ်ရပါတယ်။ ပဒေသာပင်လာပို့တဲ့ အဖွဲ့တွေကို လူပါသလောက် အချိုပွဲ၊ ဆီးဖြူသီးဆားရည်စိမ်၊ ငရုတ်သီးနဲ့ ငါးပိကြော်ပုစွန်ခြောက်တွေက ပါသေး။ အခုခေတ်နဲ့ ပြောမယ်ဆိုရင် ရှယ်ကျွေးတာပေါ့နော် မနေမြောဘူး။ ကထိန်ကို လာကြည်ညိုကြသူတွေကိုလည်း အယုတ်အလတ် အမြတ်မရွေး ဧည့်ခံတာပေါ့။ မစားရဘဲ ပြန်သွားရတဲ့သူ မရှိစေရဘူးဗျ။

ကထိန်ကျတဲ့ ဘုန်းတော်ကြီးကျောင်းတွေကလည်း နန်းတော်ရှေ့ နယ်နိမိတ်အတွင်းမှာရှိတဲ့ ကျောင်းတွေကိုပဲ ကထိန်ခင်းကြတာများပါတယ်။ နောက်နေ့ ဥပုသ်နေ့မှာတော့ နံနက် ၆ နာရီမှာ ပဒေသာပင်တွေကို ကိုယ့်အဖွဲ့နဲ့ကိုယ် အနေ့ယာဉ်တွေကလည်း သူ့အဖွဲ့နဲ့သူ မြင်းလှည်း၊ ဆိုက်ကားတွေပါတင် အတီးအမှုတ်တွေနဲ့ပို့၊ တချို့ကားတွေပေါ်မှာ ပဒေသာပင်တွေတင်ပြီး မဲကျရာ ကျောင်းတိုက်ကို အတီးအမှုတ်၊ အကအခုန်တွေနဲ့ ပျော်ပျော်ရွှင်ရွှင် ပို့ဆောင်ကြပါတယ်။

မဲကျရာ ကျောင်းတိုက်မှာ ပဒေသာပင်တွေနဲ့ ဥတ်မကြီး အပါအဝင် လှူဖွယ်ပစ္စည်းများကို တရားနာ ရေစက်ချအမျှဝေပြီး ဘုန်းဘုန်းကျွေးတဲ့ ထမင်းဟင်း၊ အချိုပွဲတွေကို ဗိုက်ကားအောင်စားပြီး အတီးအမှုတ်နဲ့ပဲ ပြန်လာခဲ့ကြတာဟာ ပြန်တွေးကြည့်ရင် လွမ်းစရာတွေပါပဲလား။ အခုဆိုရင် နှစ်စဉ်မပျက် ကျင်းပခဲ့တဲ့ နန်းတော်ရှေ့နယ်လုံးဆိုင်ရာ ကထိန်တော်ဟာ အနှစ်(၈၀)ပြည့်တော့မှာမို့ ဒီနှစ်လည်းပဲ ဆက်လက်ကထိန်ပွဲ ကျင်းပနိုင်ပါစေလို့ ကထိန်တော်ဖြစ်မြောက်ရေးကော်မတီများနဲ့ အသင်းသူ၊ အသင်းသားများ နန်းတော်ရှေ့သူ၊ နန်းတော်ရှေ့သားများ ကျန်းမာ၊ချမ်းသာစွာ ရှိပါစေလို့ ဆုတောင်းမေတ္တာ ပို့သလိုက်ရပါတယ်။

**(သူငယ်ချင်း ကိုစက်တီကို ကျေးဇူးအထူးတင်ပါသည်။)**

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၊ ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများအား ကွင်းဆင်းစစ်ဆေး

မန္တလေး နိုဝင်ဘာ ၄

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည့် မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။**




အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးက မိတ္ထီလာခရိုင်သည် လမ်းမကြီး ၅ သွယ် ဆုံရာဒေသဖြစ်သဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖွံ့ဖြိုးရေးကဏ္ဍများတွင် အခြေခံကောင်းများရှိသည့်အတွက် စံပြခရိုင်တစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လမ်းညွှန်ချက်များအပေါ် မိတ္ထီလာခရိုင်အား အခြားခရိုင်များက စံပြအဖြစ် အတုယူပြသနိုင်သည်အထိ ဆောင်ရွက်ရန် ရည်မှန်းချက်ထား အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများ၊ ဒေသဆိုင်ရာအချက်အလက်များနှင့် ပတ်သက်၍လည်းကောင်း၊ ဌာနဆိုင်ရာ တိုင်းဦးစီးမှူးများနှင့် တာဝန်ရှိသူများက ကဏ္ဍများအလိုက်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက စံပြခရိုင်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် ဖြည့်စွက်ဆွေးနွေးချက်များအပေါ် မိတ္ထီလာခရိုင်အား စံပြခရိုင်တစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရည်မှန်းချက်များအတိုင်း ကဏ္ဍများအလိုက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ စပါး၊ ပဲ၊ နှမ်း၊ ကြက်သွန်နီ၊ ဝါ သီးနှံအပါအဝင် အဓိကစိုက်ပျိုးသီးနှံများအား ပန်းတိုင်အထွက်နှုန်းပြည့်မီရေး မျိုး၊ မြေ၊ ရေ၊ နည်း ဟန်ချက်ညီညီဖြင့် အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ စံပြခရိုင်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများအချင်းချင်း ပူးပေါင်းညှိနှိုင်းကာ ကြိုးပမ်းဆောင်ရွက်ကြရမည့်အပြင် ပြည်သူများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်လာမှု ပိုမိုတိုးတက်လာအောင် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီးနောက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့တွင်းလမ်း လက်ပြဘုရားအနီး မိုင်တိုင်အမှတ်(၆/၅)ကြားတွင် လမ်းညွှန်အမှတ်အသားနှင့် လမ်းအမှတ်အသားများ ရေးဆွဲထားမှုကိုလည်းကောင်း၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းအနီး မိုင်တိုင်အမှတ်(၅/၃)မှ (၅/၄)ကြားရှိ လမ်းညွှန်အမှတ်အသားနှင့် လမ်းအမှတ်အသားများ ရေးဆွဲထားမှုကိုလည်းကောင်း၊ မိတ္ထီလာ-တောင်ကြီးကားလမ်း မိုင်တိုင်အမှတ် (၁၂/၃)မှ (၁၂/၅)ကြားတွင် လမ်းညွှန်အမှတ်အသားနှင့် လမ်းအမှတ်အသားများ ရေးဆွဲထားမှုကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ပေးခဲ့သည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝမ်းတွင်းမြို့နယ်၊ စက်မှုကွက်သစ်ရှိ PHOE PYONE CHO အထည်ချုပ်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံပိုင်ရှင် ဦးနိုင်အောင်ရန်က စက်ရုံအချက်အလက်များ၊ ပြည်တွင်းဖြစ်ချည်၊ ပိုလီရယ်စတားချည်၊ တရုတ်၊ အိန္ဒိယနိုင်ငံတို့မှ Textured Cotton ကုန်ကြမ်းများအသုံးပြုခြင်း၊ ဂျူဒိုအင်္ကျီ၊ ဘောင်းဘီ ဆက်စပ်ပစ္စည်းများထုတ်လုပ်သည့် ရက်ကန်းစင် ၇ စင်၊ စက်ချုပ်စက် ၁၅ စက်၊ ဇင်းမယ်လုံချည်၊ စောင်၊ ကော်ဇောရက်လုပ်သည့် ရက်ကန်းစင် ၄၈ စင်၊ ဘော်ဘင်လုံးမှ ချည်ခင်သို့ပြောင်းလဲသည့် ချည်ငင်စက် ၂၁ စက်တို့ဖြင့် KENDO JACKET, JUDO အင်္ကျီ၊ ဘောင်းဘီ JUDO အားကစားနည်းနှင့် ဆက်စပ်သည့်ပစ္စည်းများ၊ လုံချည်၊ ဇင်းမယ်လုံချည် (ချိတ်ထဘီ)များ၊ စောင်နှင့်အိန္ဒိယကော်ဇောများ၊ ဘော်ဘင်ချည်ခင်များထုတ်လုပ်နေမှု၊ ပြည်တွင်းသာမက ဂျပန်နိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများသို့ ဖြန့်ဖြူးရောင်းချနေမှုများနှင့် လုပ်ငန်းများတိုးချဲ့ဆောင်ရွက်သွားရန် စီစဉ်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်က MSME လုပ်ငန်းများ စာမျက်နှာ ၁၃ သို့ ☞





※ စာမျက်နှာ ၁၂ မှ

ဖွံ့ဖြိုးတိုးတက်ရေးအလေးထားဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကန်တော်ကျေးရွာအုပ်စု၊ ထိန်ကန်ကျေးရွာရှိ ဝင်းရတနာအသားတိုးကြက်မွေးမြူရေးခြံသို့ ရောက်ရှိပြီး ခြံတာဝန်ခံက အလုံပိတ်အအေးခန်းစနစ်ဖြင့် ကြက်အကောင်ရေ ၄၀၀၀၀ မွေးမြူထားမှုအခြေအနေ၊ ရောင်းတန်းဝင်ချိန် ပျမ်းမျှထုတ်လုပ်မှု ပိဿာ၊ တစ်နှစ် ထုတ်လုပ်မှုကောင်ရေ၊ ထုတ်လုပ်မှုအကြိမ်ရေ၊ မွေးမြူကာလနှင့် တစ်ပိဿာ ထုတ်လုပ်မှုစရိတ်တို့အား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာစည်မြို့နယ်ရှိ မကျီးကန်ကျေးရွာအုပ်စုရှိ ဝါသီးနှံကွင်းသရုပ်ပြပွဲ၌ ဝါစိုက်ပျိုးတောင်သူများအား သွင်းအားစုများထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားသို့လည်းကောင်း၊ ဝမ်းတွင်းမြို့နယ်၊ မြေတိုင်ကန်ကျေးရွာရှိ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးမြေပဲအထူးဇုန် ဧက(၁၀၀)စိုက်ခင်းနှင့် ရွှေတောင်ကျေးရွာအုပ်စုရှိ ကြက်သွန်နီစံပြကွက် ဧက ၅၀ စိုက်ခင်းများသို့လည်းကောင်း သွားရောက်ကြည့်ရှုခဲ့သည်။

အဆိုပါစိုက်ခင်းများသို့ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဦးစီးမှူးနှင့်တာဝန်ရှိသူများက မိတ္ထီလာခရိုင်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စပါး၊ ဝါသီးနှံအပါအဝင် အဓိကသီးနှံများ စိုက်ပျိုးထွက်ရှိမှု ပန်းတိုင်အထွက်နှုန်းပြည့်မီရေးတောင်သူများအား မျိုး၊ မြေ၊ ရေ၊ နည်းနှင့်ပတ်သက်၍ ဆောင်ရွက်ပေးနေမှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များ၊ တောင်သူများ၏ တင်ပြချက်များနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ ဖြည့်စွက်ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး တောင်သူများအား မျိုးစေ့များနှင့် သွင်းအားစုများ ထောက်ပံ့ပေးကာ စိုက်ခင်းများအတွင်း လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

















# မန္တလေးတိုင်းဒေသကြီး၊ အမျိုးသမီးရေးရာအဖွဲ့၊ ကျေးလက်အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ဝင်၊ ဆယ်အိမ်စုမှူးများအား ထောက်ပံ့လှူဒါန်းပွဲ ပြုလုပ်



**မန္တလေး နိုဝင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ အမျိုးသမီးရေးရာအဖွဲ့၊ ကျေးလက်အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ဝင်၊ ဆယ်အိမ်စုမှူးများအား ထောက်ပံ့လှူဒါန်းခြင်း အခမ်းအနားကို နိုဝင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီခွဲက မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သိပ္ပံလမ်းပေါ်ရှိ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ ရုံးခန်းမတွင် ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ နာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး ဒေါ်မမနှင့် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ ၊ နာယကအဖွဲ့ဝင်များ ဖြစ်ကြသော တိုင်းဒေသကြီးဝန်ကြီးများ၏ဇနီးများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မီမီစိုး၊ အတွင်းရေးမှူးဒေါ်သန္တာဘုန်းဝင်းနှင့် လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် မြို့နယ်ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ကျောက်ဆည်မြို့နယ်၊ ကြောင်ပန်းကုန်းကျေးရွာမှ ဆယ်အိမ်စုမှူးများတက်ရောက်သည်။

အစီအစဉ်အရ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အတွင်းရေးမှူးက ကျေးလက်အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေး စီမံချက်၊ ဆယ်အိမ်စုမှူးများအား ထောက်ပံ့လှူဒါန်းရခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ဝင်၊ ကျောက်ဆည်မြို့နယ်၊ ကြောင်ပန်းကုန်းကျေးရွာမှ အမျိုးသမီးရေးရာအဖွဲ့၊ ဆယ်အိမ်စုမှူး(၂၁)ဦး၊ အသက်(၈၅)နှစ်အထက်သက်ကြီးပုဂ္ဂိုလ်(၁၆)ဦး၊ မသန်စွမ်းအမျိုးသမီးတစ်ဦး၊ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်ဒါဇင်(၅၀)နှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များကို တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့၊ နာယကဒေါ်မမနှင့် ဝန်ကြီးများ၏ဇနီးများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အသီးသီး ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက်ကြောင်ပန်းကုန်း ကျေးရွာမှ အမျိုးသမီးရေးရာအဖွဲ့ဝင်၊ ဆယ်အိမ်စုမှူးများကိုယ်စား အဖွဲ့ဝင်တစ်ဦးက လုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေများနှင့် လက်ရှိအခြေအနေများကို ရှင်းလင်းပြောကြားပြီး နာယကနှင့် နာယကအဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးကြသည်။

ယနေ့အခမ်းအနားတွင် အမျိုးသမီးရေးရာအဖွဲ့၊ ကျေးလက်အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ရွာရှိ အမျိုးသမီးဆယ်အိမ်စုမှူး ၂၁ ဦးအတွက် တစ်ဦးလျှင် ဆန်(၅)ပြည်၊ ဆီတစ်ပိဿာ၊ ခေါက်ဆွဲခြောက်အထုပ် ၃၀ ငါးသေတ္တာဘူးကြီး(၂)ဘူးစီနှင့် ရွာရှိသက်ကြီးပုဂ္ဂိုလ် (၁၆)ဦးတွက် ကန်တော့ငွေ(၈)သိန်းကျပ် မသန်စွမ်းအမျိုးသမီးတစ်ဦးအတွက် ငါးသောင်းကျပ်၊ ရွာရှိကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်ဒါဇင်(၅၀)စုစုပေါင်းတန်ဖိုး (၄၁)သိန်း(၅)သောင်း ထောက်ပံ့လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

(၀၉၃)



# မြေအောက်ရေကို အသုံးပြုပြီး စိုက်ပျိုးထားသော သင်္ဘောစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ ဈေးကောင်းရရှိ

**မြစ်သား နိုဝင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ မြင်းကြီးကျေးရွာအုပ်စု ကွင်းအမှတ် (၆၃၀)ကွင်းရှိ ကျေးလက်နေတောင်သူများသည် မြေအောက်ရေကိုအသုံးပြုကာ စိုက်ပျိုးထားသော သင်္ဘောစိုက်ခင်းများ၊ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ဈေးကောင်းရရှိကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ မြင်းကြီးကျေးရွာ၊ ဒိုင်းကြီးကျေးရွာ၊ မြနဒီကျေးရွာ၊ ရွာခိုင်ကြီးကျေးရွာ၊ ခရုထုတ်ကျေးရွာ၊ သရက်ပင်ကံစွယ်ကျေးရွာ၊ ရွှေလေးကျေးရွာ၊ ကဆွန်ကျေးရွာများမှ တောင်သူများသည်မြေအောက်ရေကိုအသုံးပြုပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အဓိက လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ မြေအောက်ရေဖြင့်အဓိက စိုက်ပျိုးကြသည့် သီးနှံများဖြစ်သော ပဲအမျိုးမျိုး၊ ခရမ်းချဉ်၊ ကြက်သွန်နီ၊ ခရမ်းသီး၊ ဟင်းသီးဟင်းရွက်အမျိုးမျိုးတို့အပြင် နှစ်ရှည်သီးနှံများဖြစ်သည့် မာလကာ၊ သင်္ဘော၊ သံပရာစသည့်သီးနှံများကိုလည်းစိုက်ပျိုးကြကြောင်း သိရသည်။ သင်္ဘောကို မိုးဦးကာလတွင်စတင် ပျိုးထောင်ရပြီးအမြင့် (၉)လက်မ၊ အကျယ် (၅) လက်မအိတ်များထဲသို့ နွားချေး ၊ မြေဆွေး၊ နုန်းမြေနှင့်သဲတို့ သမအောင်ရောစပ်ပြီး တစ်အိတ်တစ်စေ့နှုန်းစိုက်ပျိုးကာ တစ်လသားအရွယ်တွင် ရွှေ့ပြောင်းစိုက်ပျိုးကြကြောင်း သိရသည်။ သင်္ဘောပင်များ ပြောင်းရွှေ့ မစိုက်ပျိုးမီ စိုက်ပျိုးမည့် ယာကွက်ကို ကြိုတင်ထွန်ယက်ပြီး တစ်ပင်နှင့်တစ်ပင် (၆) ပေ (၈)လက်မခြားကာ အလျား၊ အနံ(၂)ပေအနက် စိုက်ကျင်းများပြုလုပ်ပြီး စိုက်ကျင်းများထဲသို့ နွားချေး၊ နုန်းမြေ၊ မြေဆွေးတို့ကို ဆတူရောပြီး ကြိုတင် ထည့်ထားကာ တစ်ဧကအပင် (၇၀၀)စိုက်ပျိုးကြကြောင်း သိရသည်။



သင်္ဘောတစ်ဧကစိုက်ပျိုးစရိတ်ကုန်ကျငွေကျပ်(၂၇)သိန်းမှ ကျပ်(၃၀)သိန်း ခန့်ကုန်ကျမည်ဖြစ်ပြီး သင်္ဘောသီးရောင်းချရာတွင်(၂)တင်းခွဲဝင် ပီနံအိတ်တစ်အိတ်လျှင်(၄၅၀၀၀/-)ကျပ် ရောင်းချရကြောင်း သင်္ဘောစိုက်တောင်သူ ဦးအောင်ကျော်မျိုးထံမှ သိရသည်။

(မြစ်သား)

၀-၀-၀-၀-၀

# အသက်(၂)နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများထိုးနှံပေးခြင်းနှင့် ကာကွယ်ဆေးများတိုက်ကျွေး



**ကျောက်ဆည် နိုဝင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် အသက်(၂)နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ကာကွယ်ဆေးများ တိုက်ကျွေးခြင်းကို ယနေ့ နံနက်ပိုင်းက မင်းရပ် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် ရပ်ကွက်၊ ကျေးရွာများတွင် ဆေးထိုးစုရပ်များခွဲပြီး အပတ်စဉ်နေ့ရက်များသတ်မှတ်၍ ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ကာကွယ်ဆေးများကို သတ်မှတ်ထားသော အကြိမ်နှင့် သတ်မှတ်ထားသော အသက်အရွယ်တွင် ဆေးထိုး၊ ဆေးတိုက်ပေးနိုင်မှသာလျှင် ကလေးငယ်များအတွက် အဆုတ်ရောင်ကာကွယ်ဆေး၊ ငါးမျိုးစပ်၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါတို့မှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံခြင်း၊ တိုက်ကျွေးခြင်းများကို မြို့နယ်အတွင်းရှိ အသက်(၂)နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးဝန်ထမ်း ဆရာမများက အဖွဲ့များခွဲ၍ မြေပြင်ကွင်းဆင်းကာ ရပ်ကွက်၊ ကျေးရွာများရှိ စုရပ်အသီးသီးတွင် ကာကွယ်ဆေးထိုးနှံခြင်း၊ တိုက်ကျွေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စုစုအေး(ကျောက်ဆည်)



## စာပေချစ်မြတ်နိုးသူများအသင်း (Book Club) စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ရေနံချောင်း နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ရေနံချောင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး စာပေချစ်မြတ်နိုးသူများအသင်း(Book Club)စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Center)ခန်းမ၌ ကျင်းပသည်။

စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးသိန်းမောင်(နွေဦးမွှန်)နှင့် အသင်းဝင်များ၊စာပေဝါသနာရှင်များ တက်ရောက်ကာ စာရေးဆရာချစ်နိုင်(စိတ်ပညာ)ရေးသားသည့် စာပေတာဝန်စာအုပ်ကို ဖတ်ရှုခဲ့ကြပြီး အဆိုပါ စာအုပ်တွင် ပါရှိသည့် အကြောင်းအရာများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ စာဖတ်ရှိန်မြှင့်တင်ရေးနံရံကပ်စာစောင်၊ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအသိပညာပေး နံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များကို တက်ရောက်လာသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**စိုးသူအောင်**

## တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**မိုင်းယောင်း နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် ယမန်နေ့က သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးသည် အမှတ်(၁)ရပ်ကွက်တွင် (၃၆)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဘိလိယက်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုအား သွားရောက် ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ဟောင်ကြန့်ကျေးရွာအုပ်စု၊ ပါမန်းကျေးရွာတွင် ဘိလိယက်လိုင်စင်လျှောက်ထားမှုအား သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အမှတ်(၈)ရပ်ကွက်တွင် ရွှေမိုင်းယု ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်လိုင်းသစ် ပြေးဆွဲမည့်အပေါ် ကန့်ကွက်ရန် ရှိ/မရှိ သဘောထားရယူခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးဇော်မင်းဆွေ၊ ရဲတပ်ဖွဲ့မှ တာဝန်ရှိသူနှင့် ရွှေမိုင်းယောင်း၊ ရွှေဥဒေါင်း၊ ရွှေအိုးရတနာ၊ 7 stars ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများမှ လုပ်ငန်းရှင်များဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**



ဖတ်စရာ၊ မှတ်စရာ စုံလင် ပန္နက်လေး

## မြန်မာအိန္ဒိယ အာယုဗေဒ

\- - - - - - - - - - -

* မြန်မာအိန္ဒိယ ချစ်ကြည်လှစွာ
အာယုဗေဒ သဘာဝဟု
ယုယတွင်မော် ဆေးဖက်ကျော်သည်
သူနော်စွမ်း၏ စွမ်းလှတည့် ။

* စွမ်းထက်အကျော် လေးခနော်တွင်
ပျော်ပါတစ်ခု အာယု့သိကာ
တုပပွားယူ အောင်လံထူလော့ ။

* အာယုဆေးကျမ်း သူမခမ်းပါ
ကျော်လျှမ်းထင်ပေါ် နိုင်ငံကျော်လည်း
ကမ္ဘာနော်လည်း လွှအ်းအံ့မြဲသည်
ကဲပါဖြိုးမောက် သူထွန်းတောက်မို့ ။

* တိုင်းရင်းဆေးများ မပွားဥပါဒ်
ယုံကြားအပ်သည် အရပ်အနေ
လေးပါးထွေညှိ ဓာတ်အတည့်ကို
သိပါသုံးလော့ ဉာဏ်ယှဉ်လော့ ။

* ဓာတ်ကိုခြေခံ သမားမှန်မို့
ကေန်သိမြင် ဘာဝတွင်ကို
လျှင်လျှင်သုံးချ ဗေဒအာယု
သက်ရှည်ပြုသည် အထုကျန်းမာ
စိတ်ဖြောင့်ပါသား ယုံကြည်လွှားအံ့ ။

* မြန်မာအိန္ဒိယ ချစ်ကြည်စွလေ
နဝကြိမ်မြောက် ထွန်းခဲ့ပေါက်လာ
အရောက်ခြေလှမ်း ဆေးကျမ်းထွေထွေ
ဘေးမသွေသား ချမ်းသာအားမို့
အများမမေ့ ထိုထိုနေ့ကား
သိပွား နှစ်ကိုး ဒီလပျိုးသည်
ကောင်းကျိုးမြန်မာ မန္တလေးမှာ ။ ။

(၉)ကြိမ်မြောက်
အာယုဗေဒနေ့အခမ်းအနားအား ဂုဏ်ပြုလျက်)

**ဝေယံမိုးခိုင်(မန်း)**

## မင်းဘူးငရုတ်သီးဈေးကွက်၌ ပင်နံ့ငရုတ်သီးစိမ်း တစ်ပိဿာ ငွေကျပ် ၆၀၀၀ အထိ ဈေးကောင်းရရှိနေ

**မင်းဘူး နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့၌ ပင်နံ့ငရုတ်သီးစိမ်းတစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ဈေးအထိ မြင့်တက်ကာ ဈေးကောင်းရရှိနေကြောင်း မင်းဘူးမြို့၊ အမှတ်(၄)ရပ်ကွက်၊ မကြီးချောင်းပွဲရုံပိုင်ရှင် ဒေါ်လှဲထံမှ သိရသည်။ **(အောက်ယာပုံ)**

မင်းဘူးမြို့ ငရုတ်သီးဈေးကွက်ထဲတွင် ငရုတ်သီး သုံးမျိုးရှိပြီး ပင်နံ့သီးမျိုးမှာ အစပ်ဆုံးနှင့် ဈေးအကောင်းဆုံးဖြစ်သည်။ ယခင်လများက ပင်နံ့ငရုတ်သီးစိမ်း တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၊ ၃၀၀၀ ဝန်းကျင်ဈေးသာရှိသော်လည်း ယခုလများတွင် တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ဈေးအထိ မြင့်တက်ကာ ဈေးကောင်းရရှိလာကြသည်။ ပင်နံ့ငရုတ်သီးမျိုးသည် အတောင့်သေးပြီး ကုန်ချိန်အထွက်နည်းသော်လည်း ဈေးကောင်းရရှိသောကြောင့် ငရုတ်စိုက် တောင်သူများအဖို့ တွက်ခြေကိုက်သော သီးနှံဖြစ်ကြောင်းလည်း သိရသည်။ ထို့အပြင် ယခုနှစ် မိုးငရုတ် စိုက်ပျိုးချိန်တွင် မိုးအလွန်ကောင်းပြီး ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ ကျွန်းထဲ၊ ကိုင်းထဲတွင် စိုက်ပျိုးထားသော ငရုတ်စိုက်ခင်းများ ရေနစ်သေဆုံးကာ ဆုံးရှုံးမှုများရှိသဖြင့် ငရုတ်သီးဈေးနှုန်းများ ဆက်လက်မြင့်တက်နေဦးမည်ဖြစ်ကြောင်း ငရုတ်ရောင်းဝယ်သူများက ပြောကြားကြောင်း သိရသည်။(၅၀၄)





# သတင်းပဒေသာ

## (၂၁)ကြိမ်မြောက် စုပေါင်းဘုံကထိန် ကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်တွင် အမှတ်(၄) ရပ်ကွက်ရှိ မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက်၏ (၂၁)ကြိမ်မြောက် စုပေါင်းဘုံကထိန်ပွဲကြီးကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက ကျင်းပရာ အခမ်းအနားကို နမောတသ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော်၍ ဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောလိယ ထံမှ နယ်မြေခံတပ်နယ်မှ အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်အပေါင်းက ငါးပါးသီလခံယူ ဆောက်တည်ကြကာ ကထိန်လျာသင်္ကန်းနှင့် လှူဒါန်းဖွယ်ရာများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လူထုအခြေပြုဗဟိုဌာနတွင် အခမ်းအနားမှူး သင်တန်းဖွင့်လှစ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများတို့ ပူးပေါင်းပြီး ဌာနဆိုင်ရာဝန်ထမ်းများ စကားပြောစွမ်းရည်မြင့်မားပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ အခမ်းအနားမှူးသင်တန်းကို ယမန်နေ့ နံနက် ၉ နာရီခွဲက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေ

ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကလေးသူငယ်များ အသိပညာဗဟုသုတရရှိစေရန်အတွက် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက အ.ထ.က(ခွဲ) အခြေခံပညာအထက်တန်းကျောင်း၌ ဖြန့်ဝေခဲ့သည်။လက်ကမ်းစာစောင်တွင် ကလေးအလုပ်သမားပပျောက်ရေးရည်မှန်းချက်(၃)ရပ်မှာ ကလေးအလုပ်သမားအဓိပ္ပာယ်၊ ကလေးအလုပ်သမားအသက်အရွယ်၊ အခွင့်အရေးဆိုင်ရာမှုများ၊ ကလေးအလုပ်သမားများ၏ အလုပ်ချိန်ကန့်သတ်ချက် စသောအချက်တို့ပါရှိသော လက်ကမ်းစာစောင်အား ကျောင်းသား၊ ကျောင်းသူများ သိရှိနိုင်စေရန် ရည်ရွယ်ကာ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြို့လုံးကျွတ်စုပေါင်းမဟာဘုံကထိန် ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့၌ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် (၂၅)ကြိမ်မြောက် မြို့လုံးကျွတ်စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာပွဲတော်ကို ယမန်နေ့က ပထမနိမ္မိတသပိတ်မျှော်ဘုရားတောင်ပေါ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

မြို့လုံးကျွတ်စုပေါင်းမဟာဘုံကထိန်သို့ လာရောက်ကြသော ရပ်နီး၊ ရပ်ဝေးမှ ဧည့်ပရိသတ်များအား နံနက် ၉ နာရီမှစတင်၍ ကျွေးမွေးဧည့်ခံကြပြီး မွန်းလွဲ ၂ နာရီတွင် ရပ်ကွက်အသီးသီးမှ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများက ရိုးရာအိုးစည်ဗုံမောင်းများဖြင့် မြို့အတွင်းမှ ပထမနိမ္မိတသပိတ်မျှော်ဘုရားတောင်ပေါ်သို့ ပဒေသာပင် လှည့်လည်ကြသည်။ ထို့နောက် ပင့်ဖိတ်သံဃာတော်များထံမှ တရားတော်များနာယူခြင်း၊ သံဃာတော်များမှ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ သံဃာတော်များအား ကထိန်လျာသင်္ကန်းများ၊ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရဟန်း၊ သာမဏေနှင့် သီလရှင် အပါး ၂၀၀၀ ခန့်အား ဘုံဆွမ်းလောင်းလှူ



**မန္တလေး နိုဝင်ဘာ ၄**

မန္တလေးမြို့မှာ သံဃာ့ဟိတပါလ ဘုံဆွမ်းလောင်းအသင်းသည် နိုဝင်ဘာ ၃ ရက် နံနက် ၄ နာရီက ရဟန်း၊ သာမဏေနှင့် သီလရှင် ဆရာကြီး၊ ဆရာလေး အပါး ၂၀၀၀ ခန့်ကို ဘုံဆွမ်းလောင်းလှူသည်။

အဆိုပါ ဘုံဆွမ်းလောင်းခြင်းသည် သံဃာဟိတပါလ ဘုံဆွမ်းလောင်းအသင်း၏ (၁၂၈) ကြိမ်မြောက် ဘုံဆွမ်းလောင်းခြင်းဖြစ်ပြီး ရဟန်း၊ သာမဏေနှင့် သီလရှင် ဆရာကြီး၊ ဆရာလေး အပါး ၂၀၀၀ ခန့်အားအတွက် အမဲသားကုလားပဲ၊ မဆလာချက်၊ အသားမျှင် ငါးခြောက်ချက်၊ သရက်ချဉ်သုပ်၊ ငရုတ်သီးကြော်တို့ကို ဘုံဆွမ်းလောင်းခဲ့ပြီး သံဃာတစ်ပါးကို ပင်မှည့်အချိုရည်တစ်ဘူးတို့လည်း လှူဒါန်းပေးသည်။

ရဟန်း သာမဏေနှင့် သီလရှင် ဆရာကြီး၊ ဆရာလေးများ ဆွမ်းအခက်အခဲမရှိစေရန် မျှော်မှန်းကာ ပြည်တွင်း၊ ပြည်ပ ကုသိုလ်ရှင်များက တစ်ရက်လျှင် ၁၀၀ ကျပ်၊ တစ်လလျှင် ၃၀၀၀ ကျပ် ပါဝင်လှူဒါန်းမှုများကြောင့် သံဃာ့ဟိတပါလ ဘုံဆွမ်းလောင်းအသင်းက လစဉ်လဆန်း ၃ ရက် နေ့တိုင်း ဘုံဆွမ်းလောင်းလျက်ရှိပြီး ယခုအခါ နှစ်ပေါင်း (၁၃)နှစ် ပြည့်တော့မည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၀၄၅)**

## (၁၇)ကြိမ်မြောက် နယ်စပ်တောင်တန်းဒေသသို့ ပဒေသာပင်များ လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၄**

မန္တလေးမြို့၊ တောင်စလင်းတိုက်သစ် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တတိက္ခ၏ (၁၇) ကြိမ်မြောက် စုပေါင်းဘုံကထိန်တော်သို့ ရပ်ဝေး၊ရပ်နီးမှ ပဒေသာပင်တစ်ပင်လျှင် ငွေကျပ်တစ်သိန်းတစ်သောင်းဖြင့် လှူဒါန်းကုသိုလ်ပြုလျက်ရှိရာ အလှူရှင် မန္တလေး၊ မဟာအောင်မြေမြို့နယ်နေ ဦးသာဝ+ဒေါ်တင်မေအေး၊ (သမီး)မမျိုးသန္တာ(ပြည့်ဝ)မိသားစုက ပဒေသာပင်ခုနစ်ပင် ငွေကျပ်ခုနစ်သိန်းခုနစ်သောင်းကို ယမန်နေ့က လှူဒါန်းကုသိုလ်ပြုရာ ဗုဒ္ဓဘာသာ သာသနာ့ပြန့်ပွားရေးအသင်းချုပ် နာယကဆရာတော်ကိုယ်စား ဘဒ္ဒန္တပညာသီရိက လက်ခံပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်သည်။

အလားတူ အလှူရှင် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်နေ ဦးခင်မောင်အေး+ဒေါ်တင်တင်မြင့် မိသားစုက မင်္ဂလာနှစ်ပတ်လည်နေ့အဖြစ် ပဒေသာပင် သုံးပင်၊ မန္တလေး၊ မဟာအောင်မြေမြို့နယ်နေ ဦးတင်ဝင်း+ဒေါ်ကြင်အေး (ခင်ခင်စိုးအပ်ချုပ်ဆိုင်) မိသားစုက ပဒေသာပင် နှစ်ပင်၊ မန္တလေးတိုင်းဒေသကြီး၊မိုးကုတ်မြို့၊စည်ပင်သာယာရပ်နေ ဒေါ်ဖြူဒေါ်နီ၊(တူ)ကိုထွန်းထွန်းလင်း (နန်းသပြေ) မိသားစုက ပဒေသာပင်တစ်ပင်၊ မန္တလေး၊ချမ်းအေးသာစံမြို့နယ်နေ ဒေါ်ကြည်ကြည်အား ရည်စူး၍ ဦးမြင့်ဆွေ မိသားစုက ပဒေသာပင်တစ်ပင်၊ ဦးထွန်းရင်အား ရည်စူး၍ ဒေါ်စိန်စီ မိသားစုက ပဒေသာပင် တစ်ပင် အသီးသီးလှူဒါန်းကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(ကဆ)**




## ရေဘေးသင့် ကျေးရွာများသို့ ဆန်နှင့် သင်ထောက်ကူပစ္စည်းများ လှူဒါန်း



**စဉ့်ကိုင် နိုဝင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ဧည့်ပြကျေးရွာအုပ်စု၊ ကျွန်းဦးရွာ ကျွန်းဦးကျောင်းတိုက် မာဃပရဟိတအသင်း နာယက ဆရာတော် ဘဒ္ဒန္တဓမ္မပီယမှ ကြီးမှူး၍ အလှူရှင် မန္တလေးမြို့၊ ဦးလှထွန်း+သီဟသုဓမ္မသိင်္ဂီ ဒေါ်စန်းစန်းဝေ၊(သား)မောင်မင်းလှိုင်ဖြိုး+မသုန္ဒရီ (ရှမ်းပျိုမယ်ဆေးတိုက်)မိသားစု၊မန္တလေးမြို့ ဦးအေးမင်းထွန်း+ဒေါ်ဖြိုးဝေဝင်းအောင်(မြတ်တော်ဝင်ရေယာဉ်) မိသားစု၊မန္တလေးမြို့ ဦးဇော်ဝင်း+ဒေါ်တင်တင်ဝင်း(မျိုးလှျပ်စစ်) သား၊သမီးတစ်စုနှင့် စေတနာရှင်အလှူရှင်များ စုပေါင်းလှူဒါန်းမှုအပြင် ရေဘေးသင့်ကျေးရွာများနှင့် စာသင်ကျောင်းများသို့ ယမန်နေ့က သွားရောက်လှူဒါန်းကြသည်။

ဆရာတော်နှင့်အဖွဲ့သည် စဉ့်ကိုင်မြို့နယ်၊ ကံသစ်ရွာ၊ ဝံပတော့ရွာ၊ ထန်းတောရွာ၊ ကျွန်းဦးရွာ၊ ညောင်ပင်သာရွာ၊ ဒေါင့်ကြီးကွေ့ကျေးရွာနှင့် တံတားဦးမြို့နယ်၊ ဘလဲ့ဘကျေးရွာများသို့ ဆန်၊ ခဲတံ၊ ဘောလ်ပင်၊ ဗလာစာအုပ်များ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ကဆ)**

*-*-*-*-*-*

## ဆေးပဒေသာပင် အလှူငွေ လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၄**

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် မန္တလေး၊အောင်မြေသာစံမြို့နယ်၊ ၆၂လမ်းနှင့် ၁၄လမ်းထောင့်ရှိ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးတွင် တက်ရောက်ဆေးဝါးကုသမှုခံယူလျက်ရှိကြသော အနယ်နယ်၊ အရပ်ရပ်မှ ရဟန်းသံဃာတော်များအတွက် အလှူရှင် (ဖခင်ကြီး)ဦးမောင်မောင်အား ရည်စူး၍ ဒေါ်မြင့်မြင့်ကြည်၊သား၊သမီး၊မြေးတစ်စု (အဆွေမွန်ကဖေးနှင့် New Light ကားဝါယာရှိမ်းလုပ်ငန်း)မိသားစုက ဆေးပဒေသာပင် အလှူငွေကျပ် သုံးသိန်းကို ယမန်နေ့က ဆေးရုံအလှူခံဌာနတွင် လာရောက်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းက လက်ခံရယူခဲ့ပြီး သာဓုအနုမောဒနာခေါ်ဆိုကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး(မန္တလေး)သို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ၆၂လမ်းနှင့် ၁၅ လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာနတွင်လည်းကောင်း၊ဖုန်း ၀၉-၈၉၂ ၉၅၃၀၈၂ တို့သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၁)**

*-*-*-*-*-*

# ကံမမြို့၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်များ အခမဲ့ဖြန့်ဝေ

**ကံမ နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် ကြွပ်ကြွပ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာမြို့မဈေးအတွင်း ဈေးရောင်းဈေးဝယ်ပြည်သူများ ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ၄က်ပျော ဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့နံနက်ဂုနာရီက အဆိုပါဈေးအတွင်း ဆောင်ရွက်ကြသည်။ ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ထိုသို့ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးပြုလုပ်ခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ပြုလုပ်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

(အောက်ပုံ)

ကျော်ဇေယျဝင်း(ကံမ)

၀-၀-၀-၀-၀-၀-၀







# ဒုတိယအကြိမ်မြောက်ကထိန်အလှူတော်မင်္ဂလာစည်ကားသိုက်မြိုက်စွာ ကျင်းပ

**မြစ်ကြီးနား နိုဝင်ဘာ ၄**

ကချင်ပြည်နယ်၊ မြစ်ကြီးနား မော်ဖောင်းကျေးရွာအုပ်စု၊ ငါးအိုးကျေးရွာရှိ "သုမင်္ဂလာရာမ အောင်ချမ်းမြေ့ကျောင်းတိုက်" တွင် ပုရိမဝါမှ ထမြောက်တော်မူသည့် မဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာသာမိနှင့် ဆရာတော်၊ သံဃာတော်များအား ကထိန်ဒါယကာ ဦးလှမြင့်ဆောင် ကထိန်ဒါယိကာမ ဒေါ်အမာစိန် မိသားစုက ဒုတိယအကြိမ်မြောက်ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုအစုစု ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၃ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းတိုက်ရှိ သဒ္ဓမ္မသုမင်္ဂလာကျောင်းဆောင်တွင် ကျင်းပသည်။

ရှေးဦးစွာ တက်ရောက်လာသူများက ဘုရားအမှူးပြု၍ ကြွရောက်တော်မူလာသည့် ဆရာတော်၊ သံဃာတော်များအား သြကာသကန်တော့ချီးဖြင့် ရှိခိုးကန်တော့ကြပြီး ကချင်ပြည်နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၏ ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေတုမာလာထံမှ ငါးပါးသီလကို ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကာ ကထိန်အလှူရှင်များက ကထိန်လျာမြတ်သင်္ကန်းနှင့် အခြံအရံတို့ဖြင့် ဆရာတော်၊ သံဃာတော်များအား ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက် ခေမာသီဝံ ပရိယတ္တိစာသင်တိုက်မှ စာချ ကထိကအဂ္ဂမဟာပဏ္ဍိတ သ·စ·အ ပါဠိပါရဂူ ဘဒ္ဒန္တစန္ဒာဝရာဘိဝံသမှ ကထိန်လျာမြတ်သင်္ကန်း အလှူတော်မင်္ဂလာ ဖြစ်ပေါ်လာပုံ တရားတော်အား ဟောကြားချီးမြှင့်တော်မူကာ လှူဒါန်းမှုအစုစုအား အမျှပေးဝေ၍ ကြွရောက်တော်မူလာသည့် ဆရာတော်ကြီးများအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြပြီး ကထိန်ဒါယကာဦးလှမြင့်ဆောင် ကထိန်ဒါယိကာမ ဒေါ်အမာစိန် မိသားစုက ဒုတိယအကြိမ်မြောက် ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုအစုစု ဆက်ကပ်လှူဒါန်းပွဲတွင် အလှူတော်ငွေကျပ် သိန်း ၃၀၀ မတည်ကာ အခမ်းအနားသို့ ဆရာတော် သံဃာတော် ၈၀ပါး၊ သီလရှင်ဆရာကြီး၊ ဆရာလေး ၂၇ ပါး ကြွရောက်တော်မူကာ အလှူရှင်အင်အား ၇၀၀ကျော် တက်ရောက်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၄၄)

၀-၀-၀-၀-၀-၀-၀

၀-၀-၀-၀-၀

# ဓာတ်အားခငွေများ မြို့နယ်လျှပ်စစ်မန်နေဂျာရုံး ငွေသွင်းကောင်တာများနှင့် ဘဏ်များမှတစ်ဆင့် Mobile Application ဖြင့် ပေးဆောင်နိုင်

**မန္တလေး နိုဝင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ဓာတ်အား သုံးစွဲသူ ပြည်သူများအနေဖြင့် ၁၀/၂၀၂၄ လ သုံးစွဲယူနစ်အတွက် ဓာတ်အားခငွေများကို ငွေတောင်းခံလွှာတွင် ဖော်ပြထားသော နိုဝင်ဘာ ၁၇ရက်၊ ၁၉ရက်၊ ၂၁ ရက်၊ ၂၃ ရက်၊ ၂၅ရက်များမတိုင်မီ ကမ္ဘောဇဘဏ်၊ ထွန်းကော်မာရှယ်ဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ သမဝါယမဘဏ်၊ ယူအေဘီဘဏ်၊ ရှေ့ဝတီဘဏ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ ရတနာပုံဘဏ်လီမိတက်၊ (MSP Pay)၊ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်၊ ရိုးမဘဏ်၊ ရွှေဘဏ်၊ မြန်မာ့ခရီးသွားဘဏ်လီမိတက်၊ ကမ္ဘာ့ရတနာဘဏ်လီမိတက်၊ OK$, MMM Easy Pay, Mytel Pay, Wave Pay. Trusty Mobile Application တို့မှတစ်ဆင့် ဓာတ်အားခများ ပေးဆောင်နိုင်သည်။

အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ အမရပူရ၊ ပုသိမ်ကြီး၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ သျှောင်ဦး၊ ပုဂံ၊ ကျောက်ပန်းတောင်း၊ မြင်းခြံ၊ ရမည်းသင်း၊ ပျော်ဘွယ်မြို့နယ်များရှိ မီတာဘေလ်များကိုလည်း မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း(www.mescmm.com) မိမိသုံးစွဲသော မီတာအမှတ်၊ ကွန်ပျူတာကုဒ်ရိုက်၍ ကြည့်ရှုနိုင်သည်။

မြို့နယ်လျှပ်စစ်မန်နေဂျာရုံး ငွေလက်ခံကောင်တာများကိုလည်း တန်ဆောင်မုန်းလပြည့်နေ့ ၊ နိုဝင်ဘာ ၁၅ ရက်မှအပ နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ပေးထားကြောင်း မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းက အသိပေးထားသည်။

(၀၄၅)

# ဆိပ်ဖြူမြို့နယ်၌ ကြက်သွန်နီ(ဥ)စိုက်ခင်းများ စတင်စိုက်ပျိုး

**ဆိပ်ဖြူ နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်သည် သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ကြက်သွန်နီသီးနှံကို တောင်သူများအနေဖြင့် စီးပွားဖြစ် စိုက်ပျိုးကြကြောင်း၊ ယခုနှစ် စိုက်ပျိုးရာသီချိန်တွင်ဒေသတွင်း ကြက်သွန်နီဈေးနှုန်း မြင့်တက်လျက်ရှိသောကြောင့် ကြက်သွန်နီ(ဥ)စိုက် တောင်သူများ စိုက်ပျိုးမှုများပြားပြီး စိုက်ဧက ၁၀၀၀ ခန့် စိုက်ပျိုးလျက်ရှိသည်။



ကြက်သွန်နီသီးနှံစိုက်ခင်းကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး ရက်ပေါင်း ၈၀-၉၀ အကြာ ဇန်နဝါရီလဆန်းပိုင်းတွင် စတင်တူးဖော်ရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ဥစိုက်နှင့်ပင်စိုက်ဟူ၍ စိုက်ပျိုးကြပြီး ကြက်သွန်နီ(ဥ)စိုက်များကို ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ ကိုင်းကျွန်းမြေများနှင့် ကန်းတွင်းပိုင်းလယ်ကွင်းမြေများတွင် အများဆုံးစိုက်ပျိုးကြောင်း၊ မျိုးဥအနေဖြင့် ဇော်မွှားဥမျိုးများကို စိုက်ပျိုးပြီး တစ်ဧကလျှင် ပိဿာ ၃၀၀ ခန့်ဝင်ဆံ့စိုက်ပျိုးရ၍ တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ပိဿာချိန် ၁၀၀ ဝယ်ယူစိုက်ပျိုးကြောင်း၊ စိုက်ပျိုးမှုအတွက် ယခင်နှစ်က တစ်ဧကလျှင် ငွေကျပ် ၃၅ သိန်းခန့် ကုန်ကျခဲ့ပြီး ယခုနှစ်တွင် မျိုးဥ၊ သွင်းအားစုနှင့် လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် သိန်း ၄၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ပိဿာချိန် ၄၀၀၀-၅၀၀၀ ခန့် ထွက်ရှိပြီး သီးနှံပေါ်ချိန်တွင် ကြက်သွန်နီ(ဥ)စိုက် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀-၃၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ ငွေကျပ် ၆၅ သိန်းခန့် အမြတ်ရရှိခဲ့သည်။

ဈေးကွက်အနေဖြင့် ဆိပ်ဖြူဒေသထွက် ကြက်သွန်နီများကို ဒေသအတွင်း ဖြန့်ဖြူးမှုအပြင် ရန်ကုန် ဘုရင့်နောင်ပွဲရုံ၊ ပြည်၊ ပုသိမ်မြို့များသို့ တင်ပို့ရောင်းချပြီး ပြည်ပပို့ကုန်အဖြစ် မြဝတီ၊ မော်လမြိုင်၊ မူဆယ်မြို့တို့မှတစ်ဆင့် ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့ကို တင်ပို့လျက်ရှိကြောင်း၊ ယခုနှစ် ကြက်သွန်နီသီးနှံပေါ်ချိန်တွင် အထွက်နှုန်း ကောင်းမွန်ပြီး ဈေးကောင်းရရှိပါက အကျိုးအမြတ်ပိုမိုရရှိမည် ဖြစ်ကြောင်း ကြက်သွန်နီ(ဥ)စိုက်တောင်သူတစ်ဦးထံမှ သိရသည်။

(အောက်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# ဆောင်းသီးနှံအဖြစ် ပြောင်းပူးအား လျာထားစိုက်ပျိုးမည်

**မကွေး နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၌ ဆောင်းသီးနှံအဖြစ် ပြောင်းဖူး ဧက ၂၇၂အား လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

တောင်သူများသည် ပြောင်းဖူးကို သီးခြားစိုက်ပျိုးကြသည့်အပြင် သီးညှပ်အဖြစ် မြေပဲစိုက်ခင်း၊ ကြက်သွန်စိုက်ခင်းများ၌ စိုက်ပျိုးကြပြီး ပြောင်းဖူးစေ့ကို ဈေးကွက်သို့ ရောင်းရကာ အပင်ကို နွားစာအဖြစ် ကျွေးမွေးကြကြောင်း တောင်သူများထံက သိရသည်။

"ပြောင်းဖူးကို သီးညှပ်နဲ့ သီးခြားစိုက်ပါတယ်၊ မိုးနှင့်ဆောင်းသီးနှံအဖြစ်စိုက်တယ်၊ ပြောင်းဖူးစေ့ကို မြန်မာ့ရိုးရာမုန့်တွေဖြစ်တဲ့ ပြောင်းဖူးပေါင်း၊ ပြောင်းဖူးမုန့်၊ ပြောင်းဖူးစေ့ကြော်၊ ပြောင်းဖူးပြုတ်၊ ပြောင်းဖူးစေ့ပြုတ်အပါအဝင် မျိုးစုံလုပ်၍ စားသုံးကြတယ်" ဟု ရေနံချောင်းမြို့နယ်က တောင်သူတစ်ဦးက ပြောသည်။

"ပြောင်းဖူး၊ ပြောင်းဖူးစေ့ကို အစာအဖြစ် ဝင်ငွေရအောင် ရောင်းတယ်၊ ပြောင်းဖူးပင်ကို မိမိနေအိမ်မှာမွေးထားတဲ့ နွားစာအတွက် သုံးရတယ်၊ ဒါကြောင့်နှစ်စဉ်စိုက်ဖြစ်တယ်" ဟု တောင်သူတစ်ဦးက ပြောသည်။



ယခုနှစ်ပြောင်းဖူးကို မိုးရာသီစိုက်ပျိုးမှုတွင် ပြောင်းဖူး ၆၁၅၅ ဧကစိုက်ပျိုးပြီးစီးပြီး ၄၄၀၈ဧကရိပ်သိမ်းပြီးစီးကာ ပြောင်းဖူးတစ်ဧက အထွက်နှုန်း ၁၅၂၇၇ ဖူး ထွက်ရှိခဲ့ပြီး ပြောင်းဖူးစုစုပေါင်း ၆၇၃၃၈၂၂၅ ဖူး ထွက်ရှိခဲ့ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။ (ဝဲပုံ)

(၄၇၂)

## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲများ ကျင်းပ

**ပြင်ဦးလွင် နိုဝင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် လူထုအခြေပြု ဗဟိုဌာန (Community Centre) ခန်းမတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် အ·မ·က(၃)ကျောင်းတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲများကို ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်အိအိခိုင်က ဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အိအိခိုင်က စာဖတ်ခြင်း၏ အကျိုး၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များ ဖြစ်ပေါ်စေရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့သည်။ အဆိုပါ ဟောပြောပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၂၀ ဦး တက်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

သွေးသွေး(ခရိုင်-ပြန်/ဆက်)

*-*-*-*-*-*





## စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ကန့်ဘလူ နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရောင်စဉ်လှိုင်းဘော်ဒါဆောင်တို့ ပူးပေါင်းပြီး စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က အဆိုပါရုံး လူထုအခြေပြုဗဟိုဌာ၌ ကျင်းပသည်။

အဆိုပါစာဖတ်ဝိုင်းဆွေးနွေးပွဲတွင် ခရိုင်ပြန်/ဆက်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က စာဖတ်ရှိန်မြှင့်မားပြီး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များ ပေါ်ထွန်းလာစေရန်၊ စာဖတ်စွမ်းရည်တိုးတက်လာပြီး အသင်းအဖွဲ့များတွင် ပါဝင်လုပ်ဆောင် ဆွေးနွေးတတ်သည့်အလေ့အကျင့်များရရှိစေရန် ရည်ရွယ်၍ စာဖတ်ဝိုင်း ကျင်းပရခြင်းဖြစ်သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက တင်ဝင်းလှိုင်ရေးသားသည့် သင့်စိတ်ရင်းအတိုင်းသာ လိုက်နာပါ(ဘာသာပြန်) စာအုပ်မှ ဘာကြောင့်အကောင်းမြင်တာလဲ၊ အကောင်းမြင်ခြင်းဟာ သင်၏မသိစိတ်ကို ဘယ်လိုပုံဖော်ပေးသလဲ၊ အကျိုးရှိသော အတွေးအခေါ် ဆောင်းပါးပါ အကြောင်းအရာများနှင့်ပတ်သက်၍ တူညီသော ပုဂ္ဂိုလ်၊ တူညီသော ပတ်သက်မှုအခြေအနေတွင် ကွဲပြားသောသဘောထား ဖြစ်ပေါ်လာပုံ၊ လူအများရည်မှန်းနေသော အရာတွေထက် များနေသော အရာတွေကို စဉ်းစားတွေးတောဖို့ အချိန်ကို ပိုမိုသုံးစွဲကြပုံများကို ဆွေးနွေးပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၀)

## ကွမ်းရွက်များ ရေနံချောင်းဈေးကွက်သို့ ဝင်ရောက်နေ

**ရေနံချောင်း နိုဝင်ဘာ ၄**

မန္တလေးနှင့် စစ်ကိုင်းတိုင်း ဒေသကြီးရှိ မြို့နယ်များနှင့် နယ်မြို့များမှ ကွမ်းရွက်များ ရေနံချောင်းဈေးကွက်သို့ ဝင်ရောက်နေကြောင်း ကွမ်းရောင်းသူအချို့ထံက သိရသည်။

ကွမ်းရွက်ဈေးအနေနဲ့ ယနေ့မှာ ကွမ်းရွက်တစ်ပိဿာ ငွေကျပ် ၁၂,၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့တစ်ပတ်က တစ်ပိဿာကို ငွေကျပ် ၁၅,၀၀၀ ပေါက်ဈေးရှိကြောင်း ကွမ်းရွက်ဈေးမှာ အတက်၊ အကျ မြန်ကြောင်း ကွမ်းရောင်းသည့်အမျိုးသမီးတစ်ဦးက ပြောသည်။

ကွမ်းရွက်အများစုကို မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ်များက မှာယူရောင်းချရခြင်း၊ ဒေသ၌ကွမ်းစိုက်ပျိုးခြင်း မရှိကြောင်း သိရသည်။

ဝါကျွတ်ကတည်းက ပုံမှန်ဝယ်ယူသည့် ကွမ်းယာဆိုင်များ ကလည်းကောင်း၊ အလှူအတန်းများလာခြင်းတို့ကြောင့် ကွမ်းရွက် အရောင်းအဝယ်လိုက်ကြောင်း သိရသည်။

(အောက်ပုံ) (၄၇၂)



## ကုန်ဈေးနှုန်းမြင့်တက်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**မိုင်းယောင်း နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် ကုန်ဈေးနှုန်းမြင့်တက်မှုမရှိစေရေးအတွက် ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် တာဝန်ရှိသူများက ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် ဟောင်ကြန့်ကျေးရွာအုပ်စု၊ နမ့်ယွန်းကျေးရွာနှင့် ရဲဘော်ဟောင်းကျေးရွာရှိ ဆန်ဆိုင်များနှင့် အမှတ်(၃)ရပ်ကွက်ရှိ ရွှေပြည့်စုံဆိုင်တို့အား ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကုန်ဈေးနှုန်းမြင့်တက်မှုမရှိစေရေး၊ အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၈)ရပ်ကွက်ရှိ ယူရီးယားဓာတ်မြေဩဇာများ သတ်မှတ်နှုန်းအတိုင်း ရောင်းချမှု ရှိ၊ မရှိ စစ်ဆေးပြီး ဖြန့်ဖြူးရောင်းချရာတွင် သတ်မှတ်နှုန်းအတိုင်း ရောင်းချရန်နှင့် ဈေးနှုန်းမြင့်တင်ရောင်းချခြင်းမပြုလုပ်ရန် ဈေးဆိုင်ပိုင်ရှင်များအား ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ် စာပေ
လေ့လာစို့ ။

## ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံသီးနှံ ၆၇၃၉ ဧက စိုက်ပျိုးပြီးစီး



**ပွင့်ဖြူ နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ ၆၇၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ ၄၁၈၀၀ ဧက စိုက်ပျိုးရန် လျာထားရှိပြီး ဒေသခံတောင်သူများက သတ်မှတ်စိုက်ဧကပြည့်မီရေးအတွက် ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ပဲမျိုးစုံ သီးနှံ ၆၇၃၉ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားနပ်ရိက္ခာဖူလုံစေရန်၊ တောင်သူတွေ သီးနှံဝင်ငွေ တိုးပွားစေရန် ရည်ရွယ်ပြီး ပဲမျိုးစုံသီးနှံ ဧက ၄၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပြီး ဒီနေ့ထိ ၆၇၃၉ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်တယ်။ စိုက်ပျိုးတဲ့ ပဲမျိုးစုံသီးနှံတွေကတော့ ကုလားပဲ၊ ထောပတ်ပဲ၊ ပဲလွမ်း၊ ပဲကြီး၊ ပဲနောက်၊ ပဲကြား၊ စားတော်ပဲနဲ့ အခြားပဲသီးနှံတို့ကို စိုက်ပျိုးတာ ဖြစ်တယ်။ ပဲမျိုးစုံသီးနှံစိုက်ပျိုးရေးနှင့်ပတ်သက်ပြီး ယခင်နှစ်ကထက် သီးနှံအထွက်နှုန်းများ ပိုမိုရရှိအောင် ဒေသခံတောင်သူတွေကို ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်များကို ရွေးချယ်ပြီး တိုးချဲ့စိုက်ပျိုးကြရန်၊ စိုက်ပျိုးရေး သွင်းအားစုပစ္စည်းတွေ စနစ်တကျ သုံးစွဲကြရန် ပညာပေးတာတွေကို ကွင်းဆင်းကြီးကြပ်ပြီး ဆောင်ရွက်ပေးထားတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ စိုက်ပျိုးရန် လျာထားမှုအနေဖြင့် ကုလားပဲ ၂၁၈၄၃ ဧက၊ မတ်ပဲ ၁၃၂ ဧက ၊ ပဲကြီး ၃၆၉၇ ဧက၊ စားတော်ပဲ ၃၁၈၅ ဧက၊ ပဲလွမ်း ၃၂၃၂ ဧက၊ ပဲနောက် ၄၁၈ ဧက၊ ပဲယင်း ၂၁၄ ဧက၊ ပဲကြား ၃၉၁ ဧက၊ ထောပတ်ပဲ ၇၇၃၂ ဧက၊ အခြားပဲသီးနှံ ၉၅၆ ဧက၊ စုစုပေါင်း ပဲမျိုးစုံသီးနှံ ၄၁၈၀၀ ဧက ဖြစ်သည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ချိတ်ဆက်၍ ဒေသခံတောင်သူများကို လိုအပ်သည့် မျိုးကောင်း မျိုးသန့်များ၊ သွင်းအားစုပစ္စည်းများ၊ ပိုးမွှားကျရောက်မှု မရှိစေရေး ကြိုတင်ကာကွယ်နှိမ်နင်းရမည့်နည်းလမ်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၄၅)



## မွေးကင်းစမှအသက် (၂)နှစ်အောက်ကလေးနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးထိုးနှံပေး

**မိုင်းခတ် နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်တွင် မွေးကင်းစမှအသက်(၂)နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက မိုင်းခတ်မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနတွင် တိုက်ကျွေးထိုးနှံပေးသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများက မိုင်းခတ်မြို့ပေါ်ရှိ ရပ်ကွက်နှင့်ကျေးရွာများရှိ မွေးကင်းစမှ အသက်(၂)နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများဖြစ်သော ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင် အသားဝါ (ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင်၊ (၅)မျိုးစပ်ကာကွယ်ဆေး၊ ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုး၊ ပြင်းထန် ဝမ်းပျက်ဝမ်းလျှောဖြစ်စေတတ်သော (Rota)ကာကွယ်ဆေးကိုပါ တိုက်ကျွေးပြီး ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်-ဆုံဆို့နာကာကွယ်ဆေး ထိုးနှံပေးခြင်းတို့ကို တိုက်ကျွေးထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## မင်းဘူး(စကု)မြို့နယ် အ-လ-က(ကန်ရေ)ကျောင်း၌ စာဖတ်ရိုးမြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

**မင်းဘူး နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု) မြို့နယ်၌၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရိုးမြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် လူငယ်စကားဝိုင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ကန်ရေကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကန်ရေကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမူက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝါဝါလှိုင်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် လိမ္မာယဉ်ကျေးစွာ ပြောဆိုဆက်ဆံတတ်စေရန်၊ အသိပညာဗဟုသုတ တိုးပွားလာစေရန်၊ အချင်းချင်းအပြန်အလှန် ဆွေးနွေးတတ်စေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များ ဖြစ်လာစေရန်နှင့် စာအုပ်၊ စာပေများကို စိတ်ပါဝင်စားမှုရှိပြီး ပိုမိုဖတ်ရှုလေ့လာနိုင်ကြစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းများကို ကျင်းပပေးရခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ချိုချိုဝင်းက ပေါင်းစပ်ညှိနှိုင်းပေးသူအဖြစ်ဆောင်ရွက်ပေးပြီး အ.လ.က ကန်ရေကျောင်းမှ Grade (9) ကျောင်းသူ မအိအိဝင်းက လူငယ်နှင့် မူးယစ်ဆေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade (9) ကျောင်းသူ မရီရီဝေက လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade (7) ကျောင်းသူ မယမုံဦးက လူငယ်နှင့် စာဖတ်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade (6) ကျောင်းသားမောင်သူရိန်က လူငယ်နှင့်အင်တာနက် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade (5) ကျောင်းသား မောင်အောင်ချစ်က လူငယ်နှင့်ပညာရေး ခေါင်းစဉ်တို့ဖြင့် ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် သုတ၊ ရသ သိမှတ်ဖွယ်ရာစာအုပ်များနှင့် အသိပညာပေး နံရံကပ်စာစောင်များကို ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုမှတ်သားကြကြောင်း သိရသည်။




(အပေါ်ပုံ)

(၅၀၄)

## ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများ မြေအောက်ရေဖြင့် ဆောင်းသီးနှံ ကြက်သွန်နီ၊ ကြက်သွန်ဖြူ စတင်စိုက်ပျိုး

**ပွင့်ဖြူ နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားရေးအတွက် မြေအောက်ရေဖြင့် ဆောင်းသီးနှံ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ စိုက်ပျိုးရေးလုပ်ငန်းကို စတင်စိုက်ပျိုးလုပ်ကိုင်နေကြကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၁၂၄ ဧကနှင့် ကြက်သွန်ဖြူ ၂၈ ဧက စိုက်ပျိုးရန် လျာထားရှိပြီး ဒေသခံတောင်သူများက သတ်မှတ်လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ယခုနှစ်အောက်တိုဘာ ပထမပတ်ကစပြီး မုန်းချောင်းရေနှင့် မြေအောက်ရေတို့ဖြင့် ကြိုးပမ်းစိုက်ပျိုးခဲ့ရာ ယနေ့အထိ ကြက်သွန်နီ ၃၇၃ ဧက၊ ကြက်သွန်ဖြူ ၃၈ ဧက တို့ကို စိုက်ပျိုးပြီးစီးပြီ ဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဒေသခံတောင်သူတွေက သီးနှံဝင်ငွေတိုးပွားစေရန်နှင့် စားနပ်ရိက္ခာဖူလုံစေရန် ရည်ရွယ်ပြီး စားဖိုဆောင်းသီးနှံဖြစ်တဲ့ ကြက်သွန်နီနဲ့ ကြက်သွန်ဖြူ စိုက်ပျိုးရေးလုပ်ငန်းကို အောက်တိုဘာလ ပထမပတ်ကစပြီး အားထားစိုက်ပျိုးနေကြပါတယ်။ ဒီနေ့ထိ ကြက်သွန်နီ ၃၇၃ ဧက၊ ကြက်သွန်ဖြူ ၃၈ ဧက စိုက်ပျိုးပြီးစီးသွားပြီ ဖြစ်ပါတယ်။ စားဖိုဆောင်းသီးနှံ စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး စားသုံးသူပြည်သူလူထု အစားအစာဘေးကင်းလုံခြုံစေဖို့အတွက် အော်ဂဲနစ်စိုက်ပျိုးရေး နည်းစနစ်များနှင့်အညီ စိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းစေဖို့ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးကြဖို့နဲ့ သတ်မှတ်စိုက်ဧက ပြည့်မီအောင် ကြိုးပမ်းစိုက်ပျိုးကြဖို့ တောင်သူတွေကို စိုက်ပျိုးရေးအသိပညာတာတွေ ဆောင်ရွက်နေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေဖူလုံသည့်အတွက် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ် လုပ်ကိုင်ကြပြီး နှစ်စဉ်ဆောင်းသီးနှံစိုက်ပျိုးရာသီချိန်တွင် သီးနှံဝင်ငွေတိုးပွားစေရန်နှင့် ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေရန်အတွက် ကြက်သွန်နီ၊ ကြက်သွန်ဖြူ ၊ ငရုတ်သီးနှံနှင့် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးရေးကို အားထားစိုက်ပျိုးလုပ်ကိုင်ကြသည်။

ပွင့်ဖြူမြို့နယ်၌ ကြက်သွန်စိုက်ပျိုးရေးလုပ်ငန်းကို ဆည်တော်ကျေးရွာ၊ မဲဇလီကျေးရွာ၊ ကြူဝန်းကျေးရွာ၊ အနောက်လေးအိမ်ကျေးရွာ၊ ထန်းတောကျေးရွာ၊ ညောင်ပင်ပိုင်းကျေးရွာ၊ ထူးပေါက်ကျေးရွာ၊ ကွဲခြံကျေးရွာ၊ လယ်မကျေးရွာ၊ အင်းနက်ကျေးရွာနှင့် မုန်းချောင်းဘေးတစ်လျှောက်ရှိ ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြပြီး ဒေသခံတောင်သူများ စိုက်ပျိုးသည့် ကြက်သွန်ဥများမှာ အရည်အသွေးကောင်းမွန်သဖြင့် ဈေးကွက်၌ ပြည်သူများက အကြိုက်တွေ့ ဝယ်ယူစားသုံးကြ၍ ရောင်းအားကောင်းမွန်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၄၄၅)





## ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**လယ်ဝေး နိုဝင်ဘာ ၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျံချီကျေးရွာအုပ်စု၊ ပျံချီခေတ်မီစံပြကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေများဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးကျော်သူရနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများသည် ပျံချီခေတ်မီစံပြကျေးရွာတွင် အရှည် ၅၁၅ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောက်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ပျံချီခေတ်မီစံပြကျေးရွာတွင် အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ်(၅၉ ဒသမ ၇) သန်းဖြင့် ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်း၍ ၂၀၂၄ ခုနှစ် စက်တင်ဘာ စတုတ္ထအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက အဆိုပါလမ်းအား အသုံးပြုသော ပျံချီခေတ်မီစံပြကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၄၁၇ အိမ်၊ လူဦးရေ ၁၉၀၂ ဦးတို့ကို အကျိုးပြုမည်ဖြစ်ကြောင်း လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရထံမှ သိရသည်။

(အပေါ်ဝဲပုံ)

မောင်နိုင်

၀-၀-၀-၀-၀-၀-၀

## မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရား အကြိမ်(၄၀)မြောက် အသံမစဲမဟာပဋ္ဌာန်းသိမ်းအောင်ပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၄**

မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရား အကြိမ်(၄၀)မြောက် အသံမစဲမဟာပဋ္ဌာန်းသိမ်းအောင်ပွဲကို နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီက ဆုတောင်းပြည့်ဘုရားရင်ပြင်တော်တွင် ကျင်းပရာ မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရား ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ပင့်သံဃာတော်များ ကြွရောက်ကြပြီး အောင်မြေသာစံ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ အဖွဲ့ဝင် ဦးတင်မောင်ဝင်း၊ အောင်မြေသာစံမြို့နယ်ဥက္ကဋ္ဌ ဦးအောင်သန်းဇော်၊ မန္တလေးတောင် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။



အခမ်းအနားတွင် မန္တလေးတောင်တော် ဩဝါဒါစရိယ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသဝထံမှ သီလခံယူဆောက်တည်ပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ လှူဒါန်း၍ ဆရာတော်ကြီးထံက ရေစက်ချတရားနာယူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်ချ အမျှပေးဝေသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်သည်။

အကြိမ်(၄၀)မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ငါးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ခဲ့ကြပြီး ပဋ္ဌာန်းရွတ်ဖတ်သော သံဃာတော်များအား စေတနာအလှူရှင်များက ဆွမ်း၊ အချိုရည်၊ ပဋ္ဌာန်းပရိတ်ရေ၊ ပရိတ်ကြိုးများ၊ ရေသန့်တို့ လှူဒါန်းကြကြောင်း သိရသည်။

**(ဓဝပုံ) မောင်ပြည်သူ(မန္တလေး)**



## စစ်ကိုင်းမြို့မှ ကထိန်မရသေးသောကျောင်း ၁၀၀ကျော်အတွက် ကထိန်လှူဖွယ်များ လှူဒါန်းနိုင်

**စစ်ကိုင်း နိုဝင်ဘာ ၄**

ယခုနှစ်တွင် စစ်ကိုင်းမြို့မှ ကထိန်မရသောကျောင်း ၁၀၀ ကျော်ရှိရာ အဆိုပါကျောင်းများအတွက် ကထိန်အာနိသင်ရအောင် အများပြည်သူ ပါဝင်လှူဒါန်းနိုင်ရန်လည်း စီစဉ်ထားကြောင်း နယ်စပ်၊ တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေး အသင်းချုပ်(မန္တလေး)မှ သိရသည်။

"ဒီနှစ် စစ်ကိုင်းမြို့မှာ ကထိန်မရတဲ့ကျောင်း ၁၀၀ ကျော်ရှိပါတယ်။ အဲဒီကျောင်းတွေကို ကထိန်အာနိသင်ရဖို့ တောင်တန်းသာသနာပြု ဖြဟ္မစိုရ်ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ ဦးဆောင်မှုနဲ့ သံဃာတစ်ပါးလျှင် သင်္ကန်းဒွိစုံနဲ့ ဝတ္ထုငွေ သုံးသောင်း လှူဒါန်းဖို့ စီစဉ်နေပါတယ်။ မိမိစွမ်းသလောက် ပါဝင်လှူဒါန်းနိုင်ပါတယ်"ဟု နယ်စပ်၊ တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်(မန္တလေး) ဥက္ကဋ္ဌ ဦးလှဝင်းက ပြောသည်။

အဆိုပါအလှူတွင် ကထိန်လှူဖွယ်များ၊ သင်္ကန်းနှင့် ဝတ္ထုငွေများ ပါဝင်လှူဒါန်းနိုင်သလို အဆိုပါကျောင်းများသို့ အလှူရှင်ကိုယ်တိုင်သွားရောက် ကြည့်ရှုကာ မိမိသဒ္ဓါပေါက်သလောက် လှူဒါန်းနိုင်ရန်လည်း စီစဉ်ပေးထားသည်။

ပါဝင်လှူဒါန်းလိုသူများအနေဖြင့် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၆၂လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်းကြား တောင်စလင်းတိုက်သစ်ရှိ နယ်စပ်၊ တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် (မန္တလေး) ဖုန်း ၀၉-၄၄၂၀၇၄၄၆၆၊ ၀၉-၄၀၂၆၉၂၅၂၂၊ ၀၉-၆၆၀၈၅၀၃၉၉၊ ၀၉-၇၅၁၅၁၆၂၀၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**အောင်ကျော်ခ(မန္တလေး)**

## ဆီထွက်သီးနှံ ဧကတစ်ထောင့်လေးရာကျော် စိုက်ပျိုးမည်

**မကွေး နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်တွင် ဆောင်းရာသီနှင့်နွေရာသီ၌ ဆီထွက်သီးနှံအဖြစ် နှမ်းကို ဧကတစ်ထောင့်လေးရာကျော် စိုက်ပျိုးမည်ဖြစ်သည်။

မိုးရာသီ၌ ယာမြေများတွင် ဆောင်းသီးနှံကို ဇွန်လတွင် စိုက်ပျိုးပြီး ဧရာဝတီမြစ်မြေနုများတွင် ဆောင်းရာသီ သီးနှံနှင့် နွေသီးနှံအဖြစ် နှမ်းကို စိုက်ပျိုးကြသည်။

"စားသုံးဆီဖူလုံစေရန် ဆီထွက်သီးနှံကို ရာသီအလိုက် မိုးရာသီ၊ မိုးနှောင်းနှင့် ဆောင်းရာသီအပြင် နွေရာသီတို့တွင် နှမ်းကို နှစ်စဉ်စိုက်ကြတယ်။ စားသုံးဆီအဖြစ် အသုံးပြုခြင်း၊ ဆီစက်များနှင့် ပွဲစားများကို ရောင်းသည့်အပြင် နှမ်းလှော်လုပ်ငန်း၊ မုန့်လုပ်ငန်းက ဝယ်ယူသောကြောင့် ဈေးကွက်၌ ပုံမှန်ဝယ်လက်ရှိတယ်။

ကျေးရွာတွေမှာ ပဲဆီ၊ နှမ်းဆီသန့်အဖြစ် နွားနှင့်ကြိတ်ရတဲ့ဆုံဆီကိုလည်း စက်နှင့်ကြိတ်ပြီး ရောင်းချကြတဲ့အတွက် နှမ်းကို အဓိက စိုက်ကြတယ်"ဟု ရေနံချောင်းမြို့နယ် ဒေသခံတစ်ဦးက ပြောသည်။

ယခုနှစ် မိုးသီးနှံတွင် နှမ်းဧက ၂၃၃၅၀ စိုက်ပျိုးပြီးစီးကာ တစ်ဧကလျှင် ၄ ဒသမ ၅၀ တင်း ထွက်ရှိကြောင်း ရေနံချောင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံတွင် နှမ်းဧက ၄၁၇ စိုက်ပျိုးမည်ဖြစ်ပြီး နွေသီးနှံတွင် နှမ်းဧက ၁၀၁၈ စိုက်ပျိုးမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

(၄၇၂)

## တို့လူငယ်ကုသိုလ်ဖြစ်အခမဲ့ဆေးခန်း ဖွင့်လှစ် ကျန်းမာရေးစစ်ဆေးကုသပေး၊ ဆေးပစ္စည်းများ လှူဒါန်းနိုင်

**မန္တလေး နိုဝင်ဘာ ၄**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာအိမ်ရာ၊ ၄၇(A)လမ်းနှင့် ၁၁၈(B)လမ်း၊ မမ(၂၆)ရှိ တို့လူငယ်ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းကို နိုဝင်ဘာ ၂ ရက် နံနက် ၆ နာရီခွဲက ဖွင့်လှစ်၍ မွန်းလွဲ ၃ နာရီခွဲအထိ လူမျိုးဘာသာ ဆင်းရဲချမ်းသာ ဒေသမရွေး လူနာ ၁၅၈ ဦးအား အထွေထွေရောဂါ၊ သွားနှင့်ခံတွင်းရောဂါများကို စေတနာဆရာဝန် သုံးဦး၊ သူနာပြုသုံးဦးဖြင့် အခမဲ့ကုသပေးခဲ့သည်။ လာရောက်ပြသသူများအား နံနက်ခင်း ထမင်းဆီဆမ်း၊ ကြက်ဥကြော်များဖြင့် အာဟာရဒါနပြုသည်။

တို့လူငယ်ဆေးခန်းသို့ ဆေးပစ္စည်းများ ဝယ်ယူရန် ချမ်းမြသာစည်မြို့နယ်နေ ကိုမျိုးသူရမိသားစုက ငွေကျပ် တစ်သိန်းခွဲ၊ ကိုကျော်မင်းထွေး + မချိုသဲမိသားစုက တတိယအကြိမ် ငွေကျပ် တစ်သိန်းတို့ကို လာရောက်လှူဒါန်းခဲ့သည်။

တို့လူငယ်ကုသိုလ်ဖြစ်ဆေးခန်း တစ်ပတ်ဖွင့်လျှင် လူနာ ၁၂၀-၁၅၀ ဦးခန့် ကုသပေးလျက်ရှိရာ ဆေးခန်းရေရှည် ဆက်လက် ရပ်တည်နိုင်ရေး ဆေးနှင့်ဆေးပစ္စည်းများ၊ Metformin 500mg (ဆီးချိုကျဆေး)၊ Gliclazide 80mg (ဆီးချိုကျဆေး)၊ Amlodipine 5mg 10mg (သွေးကျဆေး)၊ Omeprazole (အစာအိမ်ဆေး)၊ Amoxicillin,Ciprofloxacin (ပိုးသတ်ဆေး)၊ B12 ,B6,Cevit, Glucose (ထိုးဆေးအားဆေး)၊ Dicio(ထိုးဆေး)၊ သွားနှင့်ခံတွင်းရောဂါများအတွက် ထုံဆေး၊ အကိုက်အခဲပျောက်ဆေး၊ အနာကျက်ဆေး၊ ဗီတာမင်း၊ ဝါဂွမ်း၊ အသေးစားခွဲစိတ်ခြင်း အရေးပေါ်ဆေးများ၊ ချုပ်ကြိုးများအား လှူဒါန်းလိုပါက ဖုန်း ၀၉-၂၅၉၅၁၀၃၉၈ နှင့် ၀၉-၂၅၅၀၆၈၅၃၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အောက်ပုံ)** **(၀၄၅)**



## မန္တလေးတိုင်းဒေသကြီးအတွင်း ငါးမွေးတောင်သူများအတွက် အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးသွားမည်

**မန္တလေး နိုဝင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငါးမွေးတောင်သူများအတွက် အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်ခြင်း ပညာရပ်သင်တန်းကို ဖွင့်လှစ်ပြီး သင်ကြားပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သရက်ကုန်းငါးလုပ်ငန်းစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါပညာရပ်များကို တိုင်းဒေသကြီးအတွင်း ငါးမွေးမြူရေး စိတ်ပါဝင်စားသည့် ငါးမွေးတောင်သူများကို ငါးမွေးမြူရေးနည်းစနစ်များ သိရှိနားလည်စေပြီး ငါးမွေးတောင်သူများ ရေချိုငါးမွေးမြူရေးကို စနစ်တကျ မွေးမြူနိုင်စေရေး၊ ငါးအစားအစာဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် မိမိတို့ကိုယ်တိုင် ငါးသားပေါက်ထုတ်လုပ်နိုင်စေရေးကို အဓိကထားရည်ရွယ်ပြီး သင်တန်းပေးသွားမည်ဖြစ်ကြောင်း၊ ယင်းသင်တန်းကို သရက်ကုန်း ငါးလုပ်ငန်းစခန်းတွင် ဖွင့်လှစ်ပြီး သင်တန်းသားဦးရေ ၂၀ဦးထိ လက်ခံကာ စာတွေ့၊ လက်တွေ့နည်းများဖြင့် အခမဲ့ သင်ကြားပေးသွားမည် ဖြစ်သည်။

"ငါးမွေးမြူရေးကို စိတ်ပါဝင်စားတဲ့ တောင်သူတွေကို သင်တန်းပေးသွားမှာပါ။ ငါးမွေးတောင်သူတွေ စနစ်တကျ မွေးမြူနိုင်စေဖို့အတွက် သင်တန်းပို့ချပေးတာပါ။ သင်တန်းကိုတော့ ယခု နိုဝင်ဘာလထဲမှာ ဖွင့်လှစ်ပေးသွားမှာပါ။ သင်တန်းမှာတော့ ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးခုံးမ စတဲ့ငါးမျိုးတွေကို သင်တန်းပေးသွားမှာပါ။ နှစ်ရက်ကြာသင်တန်းပါ။ သင်တန်းပေးသွားတဲ့အခါမှာလည်း ချမှတ်ထားတဲ့ စည်းကမ်းချက်တွေနဲ့အညီ ပေးသွားမှာပါ။ ငါးလုပ်ငန်းစခန်းမှ ပညာရှင်တွေက သင်ကြားပေးသွားမှာပါ။ ခုလို နည်းပညာရပ်သင်တန်းများပေးခြင်းကြောင့် အခြေခံငါးမွေးမြူရေးကို နည်းစနစ်မှန်မှန်ကန်ကန်နဲ့ မွေးမြူနိုင်မယ့် အကျိုးကျေးဇူးတွေရရှိမှာပါ။ ငါးမွေးတောင်သူတွေလည်း တိုးပွားလာမှာပါ။ ငါးမွေးမြူတဲ့အခါမှာ လိုအပ်တဲ့အကြံဉာဏ်များကိုလည်း ပေးသွားမှာပါ"ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်းကို တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသင်တန်းခေါင်းစဉ်အောက်တွင် သင်တန်းခွဲများဖြစ်သည့် ရွှေဝါငါးကြင်းသားဖောက်ပညာရပ်များနှင့် ရေပေါ်လှောင်အိမ်နှင့် ငါးမွေးမြူခြင်းနည်းပညာများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ယင်းပညာရပ်များပေးခြင်းကြောင့် ငါးမွေးတောင်သူများ ငါးမွေးမြူသည့်အခါတွင် ကျန်းမာသန်စွမ်းသည့် ငါးသားပေါက်၊ ငါးမျိုးစိတ်များကို မွေးမြူနိုင်စေရေးနှင့် ငါးမျိုးကောင်းမျိုးသန့်များကို ထုတ်လုပ်ဖြန့်ဖြူး နိုင်မည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၇၃)**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်းမှတစ်ဆင့် ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန်အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်နေရန်လိုအပ်...

❖ ပညာရေးသည် အခြေခံဖြစ်သဖြင့် အဓိကကျ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ကုန်စည်များဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၄**

ကုန်စည်များ ဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကုန်စည်များဘက်စုံပို့ဆောင်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက တက်ရောက်အမှာစကားပြောကြားသည်။



**ရှင်းလင်းတင်ပြ**

ထို့နောက် ကုန်စည်များ ဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ဘက်စုံပို့ဆောင်ရေးဥပဒေ၊ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိပို့ဆောင်ရေးဆိုင်ရာ ဌာနအဖွဲ့အစည်းများ၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ အကောက်ခွန်ဦးစီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနနှင့် ကုန်သွယ်ရေးဦးစီးဌာနတို့မှ ဌာနအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ဖြည့်ဆည်း စီမံဆောင်ရွက်မှုအသင်းချုပ် (MTLF)နှင့် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MIFFA) တို့မှ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက အကြံပြုဆွေးနွေးတင်ပြကြသည်။

ကုန်စည်များ ဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့ကို ဘက်စုံပို့ဆောင်ရေးဥပဒေ၊ ပုဒ်မ ၆ အရ ဘက်စုံပို့ဆောင်ရေးဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်နှင့် မြန်မာနိုင်ငံမှ ဘက်စုံပို့ဆောင်ရေး လုပ်ငန်းများ၊ ထောက်ပံ့ဖြည့်ဆည်းစီမံဆောင်ရွက်မှုလုပ်ငန်းများ တိုးတက်လာစေရန်အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ဘက်စုံပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံတော်၏ ကုန်သွယ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ရှိလာပြီး ထိုမှတစ်ဆင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရွှေတံဆိပ်ခြောက်ခု၊ ငွေတံဆိပ်သုံးခု ဆွတ်ခူးရရှိခဲ့သည့် အောင်ပွဲရ မြန်မာလှေလှော်အားကစားအဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



**ရန်ကုန် နိုဝင်ဘာ ၄**

အောက်တိုဘာ ၂၄ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yichang မြို့နှင့် ဖိလစ်ပိုင်နိုင်ငံ Puerto Princesa မြို့တို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားနဂါးလှေလှော်ချန်ပီယံရှစ် လက်ရည်စစ်ပြိုင်ပွဲများအပြီးတွင် မြန်မာနိုင်ငံလှေလှော်အားကစားအဖွဲ့သည် ရွှေတံဆိပ်ခြောက်ခု၊ ငွေတံဆိပ်သုံးခု ရရှိခဲ့ပြီး ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

အဆိုပါ မြန်မာနိုင်ငံကိုယ်စားပြု အောင်ပွဲရ လှေလှော်အားကစားအဖွဲ့ ခေါင်းဆောင် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ အုပ်ချုပ်သူ/နည်းပြနှင့် အားကစားသမားစုစုပေါင်း ၂၃ ဦးတို့ကို ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလှေလှော်အားကစားအဖွဲ့ချုပ်မှ အမှုဆောင်များ၊ မိဘဆွေမျိုးများနှင့် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား၊ သင်တန်းသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

မြန်မာလှေလှော်အားကစားအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yichang မြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားနဂါးလှေလှော်ပြိုင်ပွဲနှင့် ဖိလစ်ပိုင်နိုင်ငံ Puerto Princesa မြို့တွင် ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့ဖလားနဂါးလှေလှော်ချန်ပီယံရှစ် လက်ရည်စစ်ပြိုင်ပွဲ နှစ်ခုပေါင်းတွင် နိုင်ငံအလိုက်အဆင့် တတိယရရှိခဲ့ပြီး လာမည့် ၂၀၂၅ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးမြို့တွင် ဩဂုတ် ၉ ရက်နှင့် ၁၀ ရက်တို့တွင် ကျင်းပမည့် ကမ္ဘာ့အားကစားပြိုင်ပွဲ ချိန်ပီယံရှစ် နဂါးလှေလှော်ပြိုင်ပွဲတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံတို့ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**